
စိတ်ကူးချိုချိုအနုပညာ



၁၀.၁၁.၂၀၁၈ နေ့တွင်ကျရောက်သော
စာရေးသူ၏ အသက် ၉၀ပြည့်
မွေးနေ့အမှတ်တရ ရေးသား ထုတ်ဝေသည့်
ကိုယ်တွေ့ဘဝဇာတ်လမ်းရှည် . . .

# ဆင်ဖြူကျွန်းအောင်သိန်း

## ဝဲ ဂ ယ က် မှာ နွဲ့ လျ က် ချာ ချာ လ ည်

mgyoe.com

ပစ္စည်းတစ်ခုသည် မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးကြား၌ မှောင်ခိုပစ္စည်းအဖြစ် အဖမ်းခံရနိုင်သော်လည်း ဗိုလ်ချုပ်ဈေးထဲသို့ ရောက်သည်နှင့် တစ်မြိုင်နက်တည်း တရားဝင်ပစ္စည်းဖြစ်သွားလေ၏။ မည်သူမျှ မဖမ်းနိုင်တော့ပေ။

ပြည်သူ့လွှတ်တော်ဟု ခေါ်သောအရာ၊ ရွေးကောက်ပွဲတစ်ကြိမ် ပြီးစီး၍ အစိုးရအဖွဲ့သစ် ဖွဲ့လေတိုင်း တိုင်းသူပြည်သားများက အစိုးရဝါဒ ပြောင်းလေမလား မျှော်လင့်ကြ၏။ သူခိုးအစတ်ပေါ်လစီကား မပြောင်းလဲပါ။ မအောင်မြင်ရုံမက ဆုတ်ပင်ဆုတ်ယုတ်နေသော လွှတ်တော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုသည့် စာရေးဆရာအမတ်များလည်း နားရှက်သော်မှ မလှုပ်ရှားကြချေ။

# ဆင်ဖြူကျွန်းအောင်သိန်း

## ဝဲဂယက်မှာနစ်လျက်ချာချာလည်

ISBN 9789997113108
SPK25
9 789997 113108
2,200.00KS

mgyoe.com

ဝဲဂယက်မှာနွဲ့လျက်ချာချာလည်၊ ဆင်ဖြူကျွန်းအောင်သိန်း
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၂၀၂ မျက်နှာ၊ ၁၆ စင်တီ x ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဝဲဂယက်မှာ
# နွဲ့လျက်ချာချာလည်

ဆင်ဖြူကျွန်းအောင်သိန်း

စာရေးသူ၏ အသက် ၉၀ပြည့်မွေးနေ့အမှတ်တရ၊
စာရေးသူကိုယ်တိုင်က မနေနိုင်၍ ရေးရသောစာစုဟု
မြွက်ဆိုလိုက်သော ဖြစ်ရပ်မှန်ကိုယ်တွေ့
ဇာတ်လမ်းအရေးအဖွဲ့။

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ၁။ ။ အစ၏ အစ

ဝဲဂယက်မှာ နွဲလျက်ချာချာလည်ကို စတင်ရေးချိန်မှာ ၁၃၇၉ ခုနှစ် တော်သလင်းလပြည့်နေ့ ၅–၉–၂၀၁၇ နံနက် ၃ နာရီအချိန်ဖြစ်သည်။ သက်တမ်းအားဖြင့် အသက် ၉၀ အတွင်းသို့ချဉ်းနင်းဝင်ရောက်ရန် ၂ လမျှသာ လိုတော့သောအချိန်ဖြစ်ပါသည်။

အသက် ၃၀ ရွယ်၊ ၄၀ ရွယ်တုန်းက ဝဲဂယက်မှာ နွဲလျက်ချာချာ လည်ပုံများကို ရေးရန်တိုက်တွန်းကြ၏။ ကျုပ်စိတ်မပါသဖြင့် ခေါင်း ယမ်းခဲ့သည်။ ယခု အသက် ၉၀ နားနီးတော့မှ ထရေးလျှင် ကောင်းပါ ဦးမည်လား မေးကြတွေးကြမည်။ မေ့လျော့သည်များ ရှိသည့်နည်းတူ အမှတ်မှားသည်များလည်း ရှိမည်သာဖြစ်၏။

သို့ပါလျက်နှင့် ထရေးခြင်းမှာ ရောဂါထခြင်းဖြစ်ပေသည်။ ရေးစရာ တွေ တစ်ပုံကြီးရှိပါလျက် ရောဂါထခြင်းမှာ အံ့သြစရာလည်း များစွာ ကောင်းလှသည်။ မည်သို့ဖြစ်စေကာမူ ယခုရေးပြီ။

အစ၏ အစကို ဆွဲလိုက်သည်။ တဲထဲမှာ ထိုင်နေခိုက်၌ ပျားတူတွေ ဝင်တုပ်သွားသည်။ အမေက တောချဉ်ပေါင်ရွက်ချေပြီး ပွတ်ပေးသည်။

အခင်းထဲရှိ အုတ်စီသောရေတွင်းမှာ အဖေကိုယ်တိုင်တူးသော ရေ

mgyoe.com

mgyoe.com


တွင်းဖြစ်သည်။ အဖေကတူး၍ အမေက မြေစာသယ်သည်။ ကျုပ်က အမေ့ထဘီစဆွဲလျက် လိုက်ပါနေသည်။

အထက်ပါ "ပျားတူ" တုပ်ခြင်းက ပထမလော၊ အဖေရေတွင်းတူး ခြင်းက ပထမလော။ မကွဲပြားတော့ပါ။ နောက်တစ်ခုမှာ အဖေနှင့်အတူ ရုပ်ရှင်ကြည့်ရန် လိုက်သွားသည်။ ရုပ်ရှင်ရုံအနီးရှိ ဒေါ်စိန်ဖွားအိမ်သို့ ဝင်သည်။ ကျုပ်ဆဲသလား၊ စကားပြောပဲမှားသလား မသိပါ။ ကျုပ်ကို ရိုက်ဖို့ယူပေးသောတုတ်မှာ ရေထမ်း ထမ်းပိုးဖြစ်နေကြောင်းကိုလည်း မှတ်မိပါသည်။

မျက်နှာချင်းဆိုင်အိမ်တွင် မစန်းနေပါသည်။ သို့သော် လမ်းမှလှမ်း မြင်ရသော ပျဉ်ထောင်အိမ်မှာ မစန်းတို့အိမ်မဟုတ်ပါ။ မစန်းတို့သည် ထိုအိမ်ကြီး၏နောက်ဘက် (အနောက်ဘက်မဟုတ်ပါ)တွင် အိမ်ကြီးကို မှီပြီး ဆောက်ထားသော အိမ်ကလေးတွင် နေပါသည်။

ထိုမစန်းသည် အိမ်ရှေ့လမ်းကိုထွက်ပြီး တံမြက်လှည်းသည်။ မစန်း နည်းတူ ကျုပ်လည်း အိမ်ရှေ့သို့ထွက်ပြီး တံမြက်လှည်းသည်။ တစ် ယောက်နှင့် တစ်ယောက် လှမ်းပြီး စကားပြောကြသေးသည်။

နောက်တစ်ခု အဆက်အစပ် ကင်းမဲ့စွာ မှတ်မိနေသောအရာမှာ ရုပ်သေးပွဲဖြစ်သည်။

ရုပ်သေးပွဲမှာ ရွာဘုရားပွဲမှ ဖြစ်ပါသည်။ သို့သော် ကျုပ်မှတ်မိပုံ မှာ ဘုရားပွဲအခင်းအကျင်းမဟုတ်၊ ဘုရားနှင့် ရွာကြားက ရေမြောင်းဖြစ် သည်။ ထိုမြောင်းမှာ ပုရပိုက်တန်းရွာ၏ မြောက်ဘက်မှ ယမ်းဖိုကုန်း ရွာဘက်သို့လာသည်။ ယမ်းဖိုကုန်းရွာ၏ တောင်ဘက်ဘေးအတိုင်း စီး ဆင်းလာရာ ကျုပ်တို့ရွာတွင်လည်း ရွာဆုံးမှ ရွာစအထိပင်။

ထိုမြောင်းမှာ မြောင်းဟောင်းဖြစ်သည်။ ပုရပိုက်တန်းရွာအနီးရှိ မြောင်းမှာ စလင်းချောင်းဖဲ့ရာသို့ ပါသွားခဲ့ချေပြီ။ သို့အတွက် ရွာတောင်

mgyoe.com

mgyoe.com


ဘက်ရှိ မြောင်းမှာ မြောင်းပေါင်းဖြစ်ပေသည်။ ထိုမြောင်းကို ဖြတ်ပြီး တံတားတစ်စင်း ထိုးထားပါသည်။ တံတားမှာ တစ်ယောက်သွားသာ ရုံကျယ်ပြီး လက်ရန်းတပ်ဆင်ထားပါသည်။

ထိုတံတားကိုဖြတ်စဉ် အမေက "အမေ့မှာ မပေါ့မပါးနဲ့ ငါ့သားကို ပွဲလိုက်ပို့ရတာ"ဟု ပြောပါသည်။ အမေ့စကားတွင် "မပေါ့မပါး"ဟုပါ ရှိသဖြင့် နှမကလေးကို လွယ်ထားရပြီဟု ထင်ပါသည်။

ယင်းအချက်မှာလည်း ကောင်းစွာမမှတ်မိသော အချက်များတွင် ပါဝင်ပါသည်။

ထိုရုပ်သေးပွဲတွင် ဂွက်ထော်ကိုကျားကိုက်ခန်းပါသည်။ ဆိုင်းက ဗိန်းမောင်းတိုက်ပေးစဉ် ကျားက ဂွက်ထော်ကိုအမျိုးမျိုးကစားသည်။ ရုပ်သေးကြိုးဆွဲဆရာက ကျားနှင့်ဂွက်ထော်ကို ရုပ်သေးစင်အောက်သို့ ပစ်ချပြီး ကစားပြသည်။

ရုပ်သေးစင်ပေါ် မိန်းမတက်ပြီ။

မင်းသမီးဟုထင်ရသော မိန်းမတစ်ယောက်၊ လက်တန်းဘေးသို့ ထွက်လာကာ သူ့သား၏ပုဆိုးကိုလှန်ပြလျက် သူ့သား၏ဒူးကို ခဲမှန် ကြောင်း ပြောသွားသည်။ အမေကမူ "အလကားပါ၊ တစ်နေ့ရာမှာဆော့ ရင်းနဲ့ ဒဏ်ရာရလာတာဖြစ်မှာပါ"ဟု ပြော၏။

ဤသည်မှာလည်း မှတ်မိခြင်းသာဖြစ်၏။ ကျုပ် ကျောင်းနေပြီ လား၊ မနေသေးဘူးလား မသဲကွဲပါ။

ကျုပ်တို့မှာ စုစုပေါင်းမှ ညီအစ်ကိုမောင်နှမ သုံးယောက်သာရှိသည်။ ကျုပ်က အလယ်လူဖြစ်သည်။ ကျုပ်ကို ကျောင်းထားသောအခါ ကျုပ် အသက်အနည်းဆုံး ၆ နှစ်ဖြစ်မည်။ ထိုအချိန် ထိုခေတ်က အသက် ၆ နှစ်ရှိမှ ကျောင်းအအပ်လက်ခံသည်။ သူငယ်တန်းကြီး၊ သူငယ်တန်း ကလေးလည်း ခွဲထားသေးသည်။

mgyoe.com

mgyoe.com


ကျောင်းမှာ မူလတန်းကျောင်းဖြစ်သည်။ ကျောင်းအုပ်ဆရာမကြီးမှာ အဖေ၏အစ်မ တစ်ဝမ်းကွဲတော်စပ်သည်။ ရွာနှင့်ကျောင်းမှာ ၂မိုင်မျှသာဝေးသည်။ သို့ရာတွင် စိတ်မချသဖြင့် ကျောင်းအိပ်ကျောင်းစားထားသည်။

ကျုပ်ကိုကျောင်းအပ်ချိန်တွင် ကျုပ်အစ်ကိုမှာ ပဥ္စမတန်းသို့ရောက်နေပြီ။ တစ်ခုသော ဆောင်းရာသီအရုဏ်ဦးတွင် ကျုပ်မနိုးမီလူလွှတ်ပြီး အစ်ကို့ကိုအခေါ်ခိုင်းသည်။ အရီး(ဒေါ်စိန်ဖွား)ကထည့်လိုက်သည်။ စာမေးပွဲအမီပြန်လာရန် မှာလိုက်၏။ သို့သော် အစ်ကိုသည် အတန်းတင်စာမေးပွဲအမီပြန်ရောက်လာဟန်မတူပေ။ သျှောင်ထုံးကလေးဖြင့် အစ်ကိုသည် တစ်နံနက်တွင် ပန်းမုန်လာ(ပန်းဂေါ်ဖီ)နှစ်ပွင့်ကို ဝါးထမ်းပိုးဖြင့် ရှေ့တစ်ပွင့် နောက်တစ်ပွင့်ထမ်းလျက် ရောက်လာရာ ဆရာ(အရီး)က နှင်လွှတ်သည်။

သို့ဖြစ်၍ အစ်ကို့ကို နောက်ထပ်မမြင်ရတော့ပါ။

သို့ရာတွင် ကျန်ခဲ့သောအကြောင်းအရာတွေ ရှိပါသည်။ ယင်းတို့မှာ အိပ်ရာထဲတွင် ဝမ်းသွားခြင်းနှင့် နားရင်းအအုပ်ခံရခြင်းတို့ဖြစ်ပါသည်။

ကျုပ်သည် ညစာကို စားကောင်းကောင်းနှင့် တအားစားပြီးအိပ်ရာအိပ်ရာထဲတွင် ဝမ်းသွားသည်။ သို့တစေ ကာယကံရှင်က မသိ။ အရီးကသိသည်။ အစ်ကို့ကိုနှိုးပြီး စောင်အလျှော်ခိုင်းတော့သည်။

ကျုပ်နှင့် ကျုပ်အစ်ကိုသည် အတူအိပ်သည်။ တစ်ညတွင် တစ်ရေးနိုးချိန်၌ ကျုပ်လည်ပင်းက ကိုက်ခဲသည်။ ကျုပ်မှာ အစ်ကို့အပေါ်တက်စီးပြီး ညည်းညူနေသည်။ ဤသည်ကို မမ မခင်တင့်သိသည်။ ထိုသို့လည်ပင်းနာချိန်မှာ ညကြီးသန်းခေါင်ဖြစ်သောကြောင့် ချော့မော့ပြောဆိုရင်း သူလည်း အိပ်ပျော်၊ ကျုပ်လည်း အိပ်ပျော်သွားကြပါသည်။

mgyoe.com

mgyoe.com


ထိုနေ့က အဖိတ်နေ့ဖြစ်၏။

ကျောင်းများသည် အဖိတ်နေ့၌ နေ့ဝက်ပိတ်၍ ဥပုသ်နေ့၌ တစ်နေ့လုံးပိတ်ကြသည်။ အစ်ကိုနှင့် မမတို့တက်သော အလယ်တန်းကျောင်းမှာ ကျုပ်တို့မူလတန်းကျောင်းထက် အဆင်းစော၏။

ထိုအခါ အဆင်းစောသော မမနှင့် အစ်ကိုတို့က ကျုပ်ကို ပြုံးစေ့စေ့နှင့် ကြည့်ကြသည်။ ညတုန်းက ညည်းညူအော်ဟစ်ခဲ့ပြီး ယခုမှ အကောင်းဖြစ်နေသည် မဟုတ်လော။ ထိုအချိန်က လက်ထောက်ဆရာ ဦးကံညွန့်သည် ကျုပ်တို့ကို အဝိုင်းခိုင်းပြီး အလယ်တွင်သူထိုင်ကာ တစ်စုံတစ်ရာ သင်ကြားနေချိန်ဖြစ်၏။

မမနှင့် အစ်ကိုတို့က ပြုံးကြည့်သောအခါ ကျုပ်ကလည်း လည်ပင်းစောင်းငန်းငန်းဖြင့် ပြန်ကြည့်သည်။ ကလေးတွေ၏ အလယ်တွင် ငိုက်မျဉ်းနေသော ဦးကံညွန့် ဖျတ်ခနဲထလာသည်။ ကျုပ်ကိုဆွဲပြီး နားရင်းအုပ်ရာ မမနှင့် အစ်ကိုတို့ မျက်နှာပျက်သွားကြ၏။ ကျုပ်လည်း မျက်ရည်ဝဲလျက် အကြည့်သိမ်းရသည်။

နောက် ကျုပ်မှတ်မိသောအရာ ရှိသေးသည်။ ယင်းမှာ သောင်းစိန်ဖြစ်သည်။

ကျုပ်ထင်ထားတာက အမေကြီးငြိမ်းသည် သည်အိမ်သို့ ကျုပ်ရောက်ပြီးမှ သောင်းစိန်ကို "စကု"မှ ခေါ်လာခြင်းဖြစ်သည်။ သို့ရာတွင် ဘေးလူများ၏ ပြောစကားကို ထောက်လျှင် သောင်းစိန်သည် ဤအိမ်၌ မိမိအရင်ရှိနေသည့်သဘောသက်ရောက်နေပေသည်။

ယခု ကျုပ်ရောက်ရှိနေသော နေရာအကြောင်းကို တစ်စုံတစ်ရာ ရှင်းမပြဘဲ မမ မခင်တင့်၊ အမေကြီးငြိမ်းဟု ဖော်ပြခဲ့၏။ သို့ဖြစ်သောကြောင့် သူတို့အကြောင်းကို ဖော်ပြမှသာ ဖြစ်တော့မည်။

ကျုပ် ကျောင်းအိပ်ကျောင်းစား နေရသောအိမ်တွင် လူလေးယောက်

mgyoe.com

mgyoe.com


ရှိသည်။ အမေကြီးငြိမ်း၊ ဦးလေးစော၊ ဒေါ်စိန်ဖွားနှင့် မခင်တင့်တို့ဖြစ်၏။

အမေကြီးငြိမ်းမှာ အသက် ၇၀ ရှိပြီဖြစ်ငြား သွားတစ်ချောင်းမျှ မကျိုးသေးပေ။ ကျုပ်အမေကြီး(အဘွား)ဒေါ်အိုရဲ့ အစ်မအရင်းဖြစ်သည်။ ထို့ကြောင့် ဒေါ်ငြိမ်း၏သမီး ဒေါ်စိန်ဖွားနှင့် ကျုပ်အဖေမှာ မောင်နှမ တစ်ဝမ်းကွဲတော်စပ်သည်ဟူ၍ ဆိုခဲ့ခြင်းဖြစ်ပေ၏။ ထိုအမေကြီးငြိမ်းသည် အိမ်ထောင်ဆက် တစ်ဆက်မက ပိုခဲ့ဟန်တူ၏။ တောင်အရပ်ရှိ မိုင် ၂၀ ခန့်ဝေးသော စကုမြို့တွင် ကိုဘခင်အမည်ရှိသည့် သားတစ်ယောက်ရှိ၏။ သောင်းစိန်မှာ ထိုကိုဘခင်၏သားဖြစ်သည်။

အမေကြီးငြိမ်းသည် ငယ်စဉ်အခါက ကျားကိုက်ခံရဖူးသည်။ ထို့ကြောင့် တစ်ခါတစ်ခါ အံကြိတ်ပြီး စကားပြောခြင်းဖြစ်သည်ဟူ၏။ ထိုအမေကြီးငြိမ်းသည် မိုင် ၂၀ မျှဝေးသော စကုမြို့သို့ ခြေကျင်သွားသည်။ သွားရာတွင် ပစ္စည်းပစ္စယ မျိုးစုံထည့်ထားသောတောင်းကိုရွက်သည်။ သွားရိုးသွားစဉ် သွားနေရာက ရုတ်တရက် အပြေးလည်းသွားတတ်၏။

ဆင်ဖြူကျွန်းမှ စကုသို့သွားရာတွင် စကုသို့ရောက်ရန် ၁၀ မိုင်မျှဝေးသော ပွင့်ဖြူမြို့အနီးသို့ရောက်သော မုန်းမြောင်း–မြောင်းပေါင်အတိုင်း သွားသည်က များ၏။ တစ်ခါသော် အမေကြီးငြိမ်းသွားလိုရာ စကုမြို့သို့ မရောက်မီ နေဝင်သွား၏။ အမေကြီးငြိမ်းသည် နီးရာရွာသို့ ဝင်ကာ အိမ်တစ်အိမ်၌ ဝင်ရောက်အိပ်စက်တော့သည်။

ကိုယ့်အိမ်ကိုယ့်ယာ မဟုတ်ရကား အိပ်ရာဘေးတွင် ဆီးအိုးမထားနိုင်။ သို့ကြောင့် အိပ်ရာမှထပြီး အမေကြီးငြိမ်းဆီးသွားရန် အပြင်ထွက်သည်။ လေ့ကားသို့သွားသော တံခါးကိုမဖွင့်ဘဲ အခြားတံခါးကိုဖွင့်သည်။ ကပြင်(ကြမ်းပြင်)ထင်ပြီးဆင်းသည်။ မြေကြီးပေါ်ကျပြီး ကျိုးသည်။ အိမ်ရှင်က လှည်းဖြင့်တင်ပြီး လာပို့ရသည်ဟူ၏။

mgyoe.com

mgyoe.com


အမေကြီးငြိမ်းပြီးလျှင် အသက်အကြီးဆုံးမှာ ဦးလေးစောဖြစ်၏။ နာမည်အပြည့်အစုံမှာ ဦးဘစောဖြစ်သည်။ ဆိုင်းပညာရှင် ဖြစ်ဖူးသော ကြောင့် အပျော်တမ်း တူရိယာသမားများ အလေးထားကြသည်။ ထို ဦးဘစောသည် စကားပြောလျှင် ထစ်တတ်သည်။ အလုပ်မရှိ။ မှီခို။

ဦးလေးစောအပြီးတွင် ဖော်ပြရမည့်သူမှာ ဒေါ်စိန်ဖွားဖြစ်သည်။ မူလတန်းကျောင်းအုပ် ဆရာကြီးဖြစ်ပြီး လေးတန်းသာအောင်သည်ဆို၏။ ကျောင်းသားတွေက "ဆရာ"ဟူ၍သာခေါ်၏။ ဆရာမဟူ၍လည်း ကောင်း၊ ဆရာမကြီးဟူ၍လည်းကောင်း မခေါ်ကြပါ။

၎င်းဆရာမကြီးသည် စကားပြောရာတွင် ကျယ်လောင်ရှည်လျား စွာ ပြောတတ်သည်။ တက်ခေါက်ရာတွင် တစ်သံနှင့်တစ်သံ ဆက်လျက် ခေါက်နိုင်စွမ်းရှိ၏။ သူကဲ့သို့ အဆက်မပြတ် တက်ခေါက်နိုင်သူ ရှား ပါးပါသည်။

ယခု ဆရာမကြီး ဒေါ်စိန်ဖွားအကြောင်း ခေတ္တရပ်ပြီး အမေကြီး အကြောင်း ဖော်ပြပါဦးမည်။ မည်သည့်အရာကရှေ့၊ မည်သည့်အရာ က နောက် စာရင်းထဲတွင် ပါဝင်သောကြောင့် ဖြစ်ပါသည်။ ထိုကြောင့် သတိရခိုက်၌ ကောက်ရေးရခြင်းဖြစ်ပါသည်။

အမေကြီး(အဖေ့အမေ အဘွား)၏ အမည်မှာ ဒေါ်အိုဖြစ်ပါသည်။ သူ့အစ်မအကြီးဆုံးမှာ ဒေါ်ငြိမ်းဖြစ်ပြီး သူ့အောက်၌ ဒေါ်တဆုပ်၊ ဒေါ်အို ဟု ညီမများ အစဉ်လိုက်ရှိကြသည်။

၎င်းဒေါ်အိုသည် ဆိပ်ဖြူမြို့၏ အနောက်အရပ် ၆ မိုင်ကွာခန့်တွင် ရှိသော ကွေ့ပင်(ဝွေးပင်၊ ခွေးဖင်)ရွာသားဖြစ်၏။ ထိုရွာမှ အမေကြီးတို့ ရွာသို့ အဖြောင့်တိုင်းလျှင် ၉ မိုင်ခန့်ဝေးမည်ထင်ပါသည်။

အချိန်ကာလမှာ "ကွမ်း"ခေတ်ဖြစ်ရာ ကွေ့ပင်ရွာသား ကိုပု (ဘ– ဦးပု)သည်လည်း ကွမ်းသည်ဖြစ်ဟန်တူပါသည်။ ပုဂံခေတ် ကွမ်းထမ်း

mgyoe.com

mgyoe.com


ပင်းရာဇာကို မျှော်ကြည့်သောအခါ ဦးပုကဲ့သို့ ကွမ်းသည်ပင် ဖြစ်ဟန်ရှိပါသည်။

ထိုကွမ်းသည်လည်း ကွမ်းရွက်ရောင်း၏။ ကွမ်းပင်စိုက်လိုသည်ဆိုလျှင်လည်း ရှာပြန်ပြီး မျိုးယူရောင်းချပေးဟန်တူပါသည်။ သူသည် ရောင်းစရာကွမ်းနှင့် စားစရာဆန်ကို ထမ်းလျက် တစ်ခြံဝင်တစ်ခြံထွက် သွားစဉ်တွင် မအိုနှင့် ချစ်ကြခြင်းဖြစ်ပါသည်။

ကိုပုနှင့် မအိုတို့မှ မောင်ရွှေစံနှင့် မအေးခင်၊ မောင်ကျောက်လုံးအပြင် နောက်တစ်ယောက် မွေးဖွားသေးသည်ထင်၏။ ထင်ရုံသာရှိသည်။ အတိအကျ မမှတ်မိတော့ပါ။ ကိုရွှေစံ မည်သည့်အရွယ်တွင် ဦးပုကွယ်လွန်ကြောင်းလည်း မသိပါ။

မအိုသည် ကိုပုကွယ်လွန်ပြီးနောက် ကိုစောနှင့် လက်ထပ်ခဲ့ပါသည်။ ကိုစောသည် ဘုန်းကြီးလူထွက်ဖြစ်၏။ ထိုခေတ်ထိုအခါက ကျေးရွာတွင် နာမည်ကြီးနေသော "နားခံတော်ဦးမှော်"၏ သားဖြစ်ပါသည်။ သို့ရာတွင် ဦးမှော်မည်မျှ နာမည်ကြီးစေကာမူ မယားတွေမှိုလိုပေါက်အောင် မယူခဲ့စေကာမူ သေချိန်၌ လွှမ်းစရာပုဆိုးပင်မရှိဟု နှောင်းပိုင်းတွင် ပြောသံများကြားရဖူး၏။

ထိုကိုစော မအိုတို့မှ မမနှင့် မသာယာဟူ၍ မွေးဖွားသည်။ မသာယာမှာ အရွယ်ရောက်စတွင် ကွယ်လွန်သည်။

ကျုပ်မှတ်မိသမျှမှာ အမေကြီးဒေါ်အိုသည် ဘာမျှမသိသော ကျုပ်ကို ဘေးမှာထားပြီး ကွယ်လွန်သူ သူ့သမီးအကြောင်းပြောပြီး ငိုကြွေးခြင်းဖြစ်၏။

ဒေါ်စိန်ဖွားအကြောင်းပြောရာက မသာယာအကြောင်း ကြားဖောက်ပြောရခြင်းမှာ မေ့သွားမည်စိုးသောကြောင့်ဖြစ်ပါသည်။ သို့ဖြစ်၍ ကိုကျောက်လုံးအကြောင်း ဖော်ပြလိုပါသည်။

mgyoe.com

mgyoe.com


ဒေါ်အိုသည် အိမ်ထောင်ဟောင်းနှင့် မအေးရှင်၊ မောင်ရွှေစံနှင့် မောင်ကျောက်လုံးတို့ကို ရသည်။ ကိုစောနှင့် မအိုတို့ ရချိန်တွင် မအေးရှင် အိမ်ထောင်ကျသည်။ အိမ်ကြီး၏နောက်၌ အဖီဆွယ်ပြီး နေကြသည်။

မအေးရှင်နှင့် သူ့ယောကျ်ားတို့ နေပုံထိုင်ပုံကို ကိုကျောက်လုံးသဘောမကျ။ ယောက်ဖနှင့် အစ်မနေသောအခန်းကို မီးတင်ရှို့သည်။ မူရင်းအိမ်ကြီးသာမက တစ်ရွာလုံးတက်တက်ပြောင်တော့သည်။ ကိုကျောက်လုံးမှာ ထိုအချိန်ကများစွာ ငယ်ရွယ်သူဖြစ်၍ တစ်ရွာလုံးက ခွင့်လွှတ်၏။ သို့သော် ကိုစောက ခွင့်မလွှတ်။ မယားပါသားကို တရားစွဲရာ ကိုကျောက်လုံးမှာ အမှုထင်ရှားသဖြင့် ကလေးထောင်သို့ ထောင်ကျသွား၏။

ယင်းသို့ဖြစ်သည့်အတွက် ကိုစောကို တစ်ဆွေလုံး တစ်မျိုးလုံးက ဝိုင်းပယ်သည်။ ကျုပ်တို့ လူမှန်းသိချိန်အထိ ထိုဂယက်မသေသေး။ ရှိစေဦးတော့။

ဒေါ်စိန်ဖွားအကြောင်းဆက်ပါမည်။

သူ့အမေမှာ ဒေါ်ငြိမ်းဖြစ်ငြား အိမ်ထောင်ရေး တည်ငြိမ်ပုံမရပါ။ အကြောင်းသော်ကား သောင်းစိန်၏အဖ ဦးဘခင်မှာ ဒေါ်စိန်ဖွားနှင့် အမေတူ အဖေကွဲ ဖြစ်နေသောကြောင့်တည်း။

ဒေါ်စိန်ဖွားကို ဒေါ်ထိုက်ဆိုသူက ကောက်ယူမွေးစားသည်။ ထိုဒေါ်ထိုက်၌ မောင်တိုးနှင့် မသိန်းညွန့်ဟူ၍ သားသမီးနှစ်ယောက်ရှိသည်။ ပုဂံကျောင်း၌နေသည်။

ဒေါ်ထိုက်၏ သား မောင်တိုးသည် စိတ်ကောင်းစွာမနှံ့ပါ။ ထိုသူကို ကျောင်းအုပ်ခန့်ကာ မူလတန်းကျောင်း တည်ထောင်ခွင့်အမိန့်ကျလာ၏။ ကျောင်းအုပ်ဆရာ မောင်တိုးသည် ခဏတစ်ဖြုတ်သာ ကျောင်းဆရာလုပ်သည်။ ၄ တန်းစာမေးပွဲနီးချိန်၌ ကျောင်းမတက်တော့ပေ။

mgyoe.com

mgyoe.com


ဤသည်ကို ဘဝနာသော မစိန်ဖွားက မြင်သည်။ ကလေးတွေ စာမေးပွဲမကျရှုံးစေချင်။ ရခဲသော ကျောင်းတစ်ကျောင်း ပျောက်မသွားစေချင်။ ဤသို့သော စေတနာဖြင့် မစိန်ဖွား ဝင်ရောက်စာပြပေးရာက ဆရာမကြီး ဖြစ်လာရသည်။

ဒေါ်စိန်ဖွား အနီးမှာ ခုနစ်နှစ်နေခဲ့သော ကျုပ်သည် ဒေါ်စိန်ဖွားနှင့် ဦးဘစော မည်သို့ရသည်၊ မည်သို့ ကွဲသွားကာ မည်သို့ပြန်ပေါင်းသည်ကို မသိရပါ။ ထိုအခါတွင် လက်ရှိသမီး မခင်တင့်နှင့် ကွယ်လွန်သွားသော မစောလှကိုပင် ဦးဘစောနှင့်ရသော သမီးလောဟူသည်ကို ကျုပ်မသိပါ။ မစောလှကိုလည်း မမီလိုက်ပါ။ သို့ရာတွင် အသက်မဲ့တော့မှ ရိုက်ကူးထားသောပုံကိုမြင်ဖူးပါသည်။

"သည်ကလေးသေလို့ အရိုက်လျှော့လိုက်တာ၊ အရင်တုန်းက အလွန်အရိုက်ကြမ်းတာ"

ဆရာမကြီး၏ နှုတ်ပြောစကားကိုနားထောင်ပြီး ကျုပ်တို့ကြက်သီးထမိသည်။ အငြိုးအတေးကြီးပုံမှာလည်း ကြောက်ခမန်းလိလိဖြစ်သည်။ ရိုက်စရာအကြောင်းပေါ်သော်ငြား ညှော့သည်လာ၍ ဖြစ်စေ၊ ဟင်းအိုးဝေ၍ ဖြစ်စေ မရိုက်နိုင်ပါက ဘုရားရုပ်ပွားတော်ကို လက်အုပ်ချီ၏။

"တပည့်တော် သူ့ကို ရိုက်ပါမယ်ဘုရား"

မရိုက်ဘဲ မနေမိရန် ဘုရားထံတွင် သစ္စာဆိုခြင်းဖြစ်ရာ တစ်ခါတစ်ရံ ရက်ကျော်သွားတတ်သည်။ ဒေါသပြေနေပြီဖြစ်သဖြင့် အရိုက်ခံရသူ သက်သာ၏။

ဆရာမကြီးကို လျှာရှည်သူ ဟူ၍လည်း ဆိုကြသေးသည်။ စင်စစ်အားဖြင့် အကျိုးသင့် အကြောင်းသင့် စုံစေ့အောင် ရှင်းပြခြင်းဖြစ်သည်။ ဥပမာ လိမ်းဆေးဆိုပါစို့။

"အနာလိမ်းဆေးလိုချင်လို့ပါ"

mgyoe.com

mgyoe.com


"ရတယ်၊ လာ။ ဘယ်မလဲ ... ဆေးထည့်ဖို့ခွက်"

"ပါပါတယ်၊ သည်မှာပါ"

ဆေးလာတောင်းသူ ထုတ်ပြသောခွက်မှာ ပေကျံနေ၏။ ဆရာမကြီး ခေါင်းခါပြသည်။ "သည်လိုမလုပ်ရဘူး"ပြောလိမ့်မည်။

"ဟောဟိုမှာ ရေရှိတယ်၊ သန့်ရှင်းစင်ကြယ်အောင်ဆေးပါ"

ထိုသို့ပြောရင်းဖြင့် ဆရာမကြီးသည် မှန့်သေတ္တာပုံးဟောင်းတစ်ခုဖြင့် ထည့်ထားသော ဆေးမြစ်များကို ကြမ်းပေါ်သို့ သွန်ချပြီး စီထားမည်။

"ဆေးကတော့ ကိုယ်တိုင်သွေးယူရလိမ့်မယ်"

"ဟုတ်ကဲ့ ဖြစ်ပါတယ်ခင်ဗျာ့"

"နေဦးလေ၊ နေဦး"

ဆရာမကြီးက ဆေးမြစ်အချို့ကို ပြသမည်။

"လွယ်တာကို တအားသွေးပြီး ခက်တာကျတော့ နည်းနည်းလေး သွေးတာမရဘူး။ လွယ်သည်ဖြစ်စေ၊ ခက်သည်ဖြစ်စေ "လက်ကော်ရ" သွေးပြီး ပန်းကန်နှုတ်ခမ်းမှာ တင်ထားရမယ်။ တချို့ကို နှုတ်ခမ်းမှာ တင်ထား၊ တချို့ကို ရေတွေပုံးပေါလအောနဲ့ မရဘူး၊ တညီတည်း ဖြစ်ရမယ်"

ဆေးအမျိုးအမည်ပေါင်း ၁၅ မျိုးပါဝင်ရာ ဇာတိဖိုလ်သီး၊ လေးညှင်း၊ ပိတ်ချင်း၊ ရှိန်းခိုကား အလွန်လွယ်ကူ၏။ အချို့မှာ အလွန်ခက်သဖြင့် အားကုန်ဖိသွေးရာ ကျောက်ပြင်အလယ်ကောင်သည် မောက်မနေဘဲ တွင်းဖြစ်နေတော့၏။

"ကျုပ်ဆေးကိုတောင်းရင် ကျုပ်ပြောသလို သွေးရမယ်။ အနာလုံးရဲ့ အောက်ခြေကနေပြီး အနာထိပ်ကို ကြက်တောင်နဲ့ စုဆွဲတဲ့အခါ ထိပ်ဟာ ချွန်လာလိမ့်မယ်။ အဲသည်အနာမှာ ဆေးတွေပေနေတာကို ဘူးရွက်ပြုတ်ရည်။ စံပယ်ပွင့်ပြုတ်ရည်နဲ့၊ မဆွတ်ရဘူး။ ရေဝင်အောင် ညှစ်ထားတဲ့ အဝတ်နဲ့ ဆေးတွေပွလာအောင် ကပ်ရမယ်"

mgyoe.com

mgyoe.com


ပြန်စဉ်းစားကြည့်ပါ။

လွန်ခဲ့သော နှစ်ပေါင်း ၉၀ ခန့်က ယခုကဲ့သို့ ဆေးဝါးကြော်ငြာ ပလူမပျံသေး။ ပင်နီဆင်လင်ပင် မပေါ်သေးရကား ဓာတ်သိများက ဆေးကို ရအောင်ယူသည်။ ဓာတ်မသိသူများက နောက်တစ်ခေါက် မလာပေ။

ကိုတိုးအကြောင်း များစွာပါဝင်မည်မဟုတ်ငြား။ အနည်းကလေးကို ပင် သတိရခိုက်တွင် ကြားဖြတ်ဖော်ပြပါရစေ။

ဒေါ်စိန်ဖွားမှာ ဒေါ်ငြိမ်းဆိုသော မအေရင်းရှိပါလျက် ဒေါ်ထိုက်က မည်သည့်အတွက် မွေးစားရသနည်း။ ကိုတိုးနှင့် မသိန်းညွန့်ကို ဒေါ်ထိုက် ၏သားနှင့်သမီး အရင်းအချာလော ... မသိပါ။

ထိုကိုတိုးသည် စိတ်အားသန်ပုံမပေါ်ပါ။ သို့ရာတွင် သူ့အမည်ဖြင့် ကျောင်းဖွင့်လာရာ လျှောက်သွားနေသဖြင့် ဒေါ်စိန်ဖွားက ဝင်ရောက် စောင့်ရှောက်ပုံကို အထက်တွင် ဖော်ပြခဲ့ပြီးပြီ။

တစ်နှစ်သော် ကျုပ်ရှိသော ဒုတိယတန်းကို ဆရာတိုးလာရောက် အုပ်ချုပ်ရာ ကလေးမတစ်ယောက်က သူ့ရှေ့တွင် စာဖတ်ပါသည်။

"ထိုခိုသတ္တဝါသည်"

"ထိုခို 'သတ္တဝါ' သည် ဖတ်ရမယ်ပြောထားတာ မေ့သွားပြီလားဟင်"

ကိုတိုးကို ကျောင်းဆရာအဖြစ် သည်တစ်ကြိမ်သာ တွေ့ဖူးငြား အချိန်မဟုတ် အခါမဟုတ် ထမင်းလာတောင်းလျှင် မညည်းမညူ ရှာ ဖွေပေးပုံ၊ ဦးလေးစောကပါ သဘောကောင်းနေသည်တို့ကို ထောက်လျှင် ကျုပ်ကြားထားသမျှ မှန်သည်ဟု ယူဆရလိမ့်မည်။

ယခု ဆရာမကြီးအကြောင်း ဆက်လက်ဖော်ပြပါဦးမည်။

အလုပ်ဟူသမျှ ဂုဏ်ရှိစွသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်ကမှ ပေါ်လာခြင်းဖြစ်ပါသည်။ အကြွားအဝါခေတ်ထဲမှာပင် ဆရာမကြီးသည့်

mgyoe.com

mgyoe.com


ရေကိုသံပုံးဖြင့် ရွက်သယ်ပြီး သုံးစွဲပါသည်။ အနီးဆုံး "သုံးရေ" ကို ဦးဖိုးခန့်ရေတွင်းမှ ရယူပြီး သောက်ရေကို ဦးဖိုးခန့်တွင်းထက် သုံးဆပို ဝေးသော ရွှေဘုံသာတွင်းမှ ရပါသည်။

ဆရာမကြီးကိုယ်တိုင် ခေါင်းဖြင့်ရွက်ပြီး သယ်ယူသည့်နည်းတူ ကျုပ်လည်း ထောပတ်ပုံးဟု ခေါ်သည့် သံပုံးနှစ်ပုံးဖြင့် ထမ်းခဲ့ရပါသည်။ ဤမြင်ကွင်းကိုကြည့်ပြီး အပြစ်ပြောကြ၏။

"ဆရာမကြီးက သိပ်ပြီးကပ်စေးနဲ့တာပဲ၊ ဝယ်လိုက်ရင်ပြီးရောပေါ့"

စေတနာဖြင့် ပြောခြင်းလော၊ မလိုတမာပြောခြင်းလောမသိပါ၊ ဆရာမကြီးကား ပြုံးရုံသာပြုံးသည်။ သူတစ်ယောက်တည်း လုပ်စာကို အမေကြီးငြိမ်း၊ ဦးလေးစော၊ မခင်တင့်တို့အပြင် ကျုပ်နှင့် သောင်းစိန် ကလည်း ရှိသေးသည်။

သို့ဖြစ်၍ ဆရာမကြီးသည် ချွေတာ၍ရသလောက် ချွေတာပါသည်။ ဦးဖိုးခန့် ရေနံတွင်းပိုင်ရှင်ထံမှ "အဟောင်းပေး အသစ်ယူ" စနစ်ဖြင့် ရေနံဆီပုံးကြွေးဝယ်ပါသည်။ တစ်ဖာလုံမျှသာဝေးသော ထိုခရီးတွင် ရေနံဆီသံပုံးကို ထမ်းရသဖြင့် ဦးလေးစော အလွန်စိတ်တိုသည်။ ကျုပ်တို့မှာ အပြောအဆို အနေအထိုင်ဆင်ခြင်ရသည်။

ဆရာမကြီးသည် ထိုရေနံဆီပုံးကို "ဘုံပိုင်" တပ်ပြီး လာဝယ်သမျှ ကို အကြွေးရောလက်ငင်းပါ ရောင်းပါသည်။ အမြတ်များများ ကျန်ဖို့ မလို။ အိမ်သုံးရသမျှသည် အမြတ်ပေပဲ။

ဤသို့ ချွေတာသော်ငြား တစ်ပတ်တစ်ခါ ဝက်သားအစိတ်သား ဝယ်ပါသည်။

"လှပုဆီသွား၊ ငါကလို့ပြော"

ဝက်သားအစိတ်သားဝယ်ရန် မတ်စေ့တစ်စေ့ ပေးမြဲဖြစ်သည်။

"ရော့–အင့်။ မင်းက ငါ့သားအရင်းမဟုတ်လို့ ဒါလောက်ပဲရမယ်"

mgyoe.com

mgyoe.com



ထမင်းပွဲတွင် ဝက်သားမစားလိုက်ရသူ မရှိရလေအောင် ထိုသို့လုပ်ဆောင်သည်ကို ဦးလေးစောမကြိုက်။

"ဟော့၊ ငါက ဘာဝင်ငွေမျှမရှိဘူး။ မလာကြနဲ့."

သူသည် မင်းလုတစ်ဖက်ကမ်း မြင်ကွန်းဇာတိဟု ဆိုသည်။ သူ့ညီတစ်ယောက် ချောက်မြို့၌ ရှိသည်ကြားဖူးငြား အဆက်အသွယ်ရှိသည်ကို မတွေ့ရပေ။ ကိုစိန်မောင်ဟုခေါ်သော သူ့တူတစ်ယောက်ကို ချက်ချင်းအိမ်ပေါ်မှ မောင်းချသည်ကို တွေ့ရဖူး၏။

သို့သော် ကျုပ်တို့ညီအစ်ကို ရှင်ပြုပြီးနောက်တစ်နှစ်တွင် သောင်းစိန်နှင့် ကိုအေးမောင်ကို ရှင်ပြု၏။ ကိုစိန်မောင်နှင့် ကိုအေးမောင်တို့ မည်သို့ကွာခြားသနည်း။

ဤတွင် မရည်ရွယ်ဘဲနှင့် ဦးစိန်အကြောင်း ပါလာသည်။ ဦးစိန်မှာ အမေကြီးငြိမ်း၏ မည်သည့်အိမ်ထောင်မှ မွေးသည်ကို ကျုပ်မသိပါ။ အမေကြီးငြိမ်းက ဝမ်းသာအယ်လဲရှိငြား ဆရာမကြီးကား ဣန္ဒြေကြီးစွာကြို့ဆိုသည်။

ဦးစိန်သည် သူ့အစ်မထံ ရောက်လာခြင်းမှာ ခဏတစ်ဖြုတ် ခရီးကြုံဝင်လာခြင်းမဟုတ်ပါ။ ခိုလှုံရန်အတွက် မယားတစ်ယောက်၊ တပည့်တစ်ယောက်အပြင် မျက်လှည့်ပြသော ပစ္စည်းများပါပါလာ၏။

နွေရာသီ ကျောင်းတစ်လခွဲပိတ်ချိန်တွင် ကျုပ်အိမ်ပြန်လေ့ရှိသည်။ ထိုအချိန်တွင် ဘုရားကြီးကုန်းဘုရားပွဲ ကျင်းပရာ ဇာတ်ပွဲများပါ၏။ ဦးစိန်၏မျက်လှည့်လည်း ရုံသွင်းပြသည်။ ဤတွင် ထရံပေါက်မှ ချောင်းကြည့်သော ကလေးတွေရှိနေသည်။

ဦးစိန်သည် ထိုကလေးများကို ဝါးခြမ်းပြားအစိတ်ဖြင့် ခြိမ်းခြောက်ရာ ဝါးခြမ်းပြား အစွန်ကျသော ကျောဘက်ကလေးကိုသွားထိုးမိ၏။ ကလေးမှာ ရွာသာကုန်းသားကလေးငယ်ဖြစ်၍ ရွာသာကုန်းသားတွေ

mgyoe.com

mgyoe.com


ဦးစိန်ကို ဝိုင်းရာ ဆရာမကြီးက ငွေကြေးဖြင့် ဖြေရှင်းပေးလိုက်ရ၏။

အကြံမအောင်သောကြောင့် ဦးစိန်ပျောက်သွားငြား ကိုယ်ဝန်အရင့် အမာနှင့် သူ့ဇနီးကျန်ခဲ့သည်။ ဦးစိန်၏ဇနီးသည် ကလေးကို မွေးဖွားပြီး နောက်ပလိပ်ရောဂါဖြင့် ကွယ်လွန်သည်။ ကလေးလည်း မကြာမီဆုံးသည်။

ထို့နောက် သောင်းစိန်နှင့် ကိုအေးမောင်တို့ ရှင်ပြုအခံ့ဆဲဆဲတွင် ဦးစိန် ဘွားခနဲ ပေါ်လာသည်။ သူလည်း သာသနာ့ဘောင်သို့ ဝင်မည်ဆိုကာ သူ့အမေဥပုသ်စောင့်နေကျ ပြည်စိုးကောင်းမြောက်ကျောင်း (နောင်အခါ တွင် ရာကျော်ကျောင်းဟု တွင်မည့် ဦးလာဘကျောင်း) မှ သင်္ကန်းဆီး လာ၏။

သာသနာရေးမို့ နှစ်ထောင်းအားရ ရှိကြသော်ငြား နောက်ပိုင်းတွင် ကျောင်းသားတွေလွှတ်ပြီး ဇယားရှုပ်လာသည်။ ဆရာမကြီး၏ ပါးစပ် နှင့် တွေ့ပြီ။ အခိုင်းခံကျောင်းသားရော ခိုင်းသူပါ ဇာတ်သိမ်းချေ၏။

သည်မှာ ကျုပ်တို့ညီနောင် ရှင်ပြုခန်းကျန်နေခဲ့သေးသည်။ ထိုအခါ "ဂျွန်လင်မယား" အကြောင်းလည်း ပါမှဖြစ်တော့မည်။

ဆင်ဖြူကျွန်းသို့ စာပုံနှိပ်စက် ရောက်မလာမီက စလင်းမြို့ရှိ "ဇွယ် တော်ရိပ်" ပုံနှိပ်တိုက်ကို အားထားခဲ့ကြ၏။ နောက်ရောက်လာသော ပုံနှိပ်စက်မှာ "အောင်ကြီးစိန်" အမည်ရှိ၏။ အကျိုးဆောင်မှာ နောင်မှ ပြောင်းသော နာမည်ဖြစ်ပါသည်။

ထိုလမ်း၏ အမည်ကို မမှတ်မိသဖြင့် "မသက်ရှည်ခေါက်ဆွဲဖိုး၏ ကျောဘက်ကလမ်း" ဟု ခေါ်ပါမည်။ ထိုလမ်းထဲသို့ အောင်ကြီးစိန် ပုံနှိပ်စက် ရောက်လာပြီး မကြာမီ ဂျွန်လင်မယား ရောက်လာပါသည်။ ဂျွန်မှာ မည်သည့် ကုလားကပြားဟု မသိပါ။ ထိုခေတ်အခါက မျိုးချစ် စိတ် ထက်သန်သော လူငယ်များ၏ အခေါ်အရ 'ဗိုလ်ကြက်ချေး' ဟု ခေါ်ရမည်ထင်ပါသည်။ သူ့မယားမှာ ဝဝဖိုင့်ဖိုင့်၊ ဖြူဖြူဖြစ်ပါသည်။

mgyoe.com

mgyoe.com


တစ်ညဉ့်ဦးတွင် သူတို့လင်မယား စကားများကြသည်။ မယားက ချေးခံအင်္ကျီအိတ်ထဲမှ တစ်ပြားတစ်ပဲတစ်မူး စသော ငွေအကြွေများကို လက်ဖြင့် ဆုပ်လျက် ပစ်ပေါက်သွန်ကြပစ်၏။ ငိုလည်း ငို၏။

ကျုပ်အစ်မမှာ သည်မျှများပြားသော အကြွေစေ့များကို ကိုင်လည်း မကိုင်ဖူး။ မြင်လည်း မမြင်ဖူးရကား တစ်စေ့စီလိုက်လံကောက်ယူနေပါသည်။ လူတွေအများကြီး အိမ်တွေအများကြီး ရှိပါလျက် ချောင်ထဲက ကျုပ်တို့အိမ်သို့ သည်လင်မယား အဘယ်ကြောင့် ရောက်လာရသနည်း။

သူတို့တွင် ဘိုင်စကယ်တစ်စီးရှိသည်။ ထိုဘိုင်စကယ်ပေါ်တွင် ကျုပ်တို့ကိုတင်လျက် ဟိုနားသည်နား ပို့ပေးခြင်းဖြင့် ကျုပ်တို့၏ ချစ်ခင်မှုကို ရယူပါသည်။

ထိုအချိန်က ဘိုင်စကယ်များမှာ ကယ်ရီယာခေါ် နောက်ခုံအပါနည်းသည်။ လူပိုတင်လျှင် ရှေ့ဘားတန်းကသာ အစီးများကြသည်။ ကျုပ်အစ်မလည်း ဘားတန်းမှ စီးရရာ ဘိုင်စကယ်နင်းသူ၏ လက်မောင်းနှစ်ခုကြားသို့ ရောက်ရှိနေ၏။ ယင်းသို့ ညအချိန်တွင် စက်ဘီးတစ်စီး လူတစ်ယောက်နှင့် တွေ့ရသည်မှာ အမြင်မတော်ကြောင်း ပစ်စာရောက်လာရာ ဦးလေးစော ဒေါ်သူပုန်ထတော့သည်။

ကျုပ်တို့ညီအစ်ကို ရှင်ပြုမည့်သတင်းကို ဂျွန်လင်မယားမည်သို့ ကြိုတင်ရသနည်း။ ကျုပ်တို့ အလှူကို ဓာတ်ပုံရိုက်သူမှာ ဂျွန်ဖြစ်ပေ၏။ ဓာတ်ပုံရိုက်မည့်နေရာကို အမိုးဖွင့်ပေးရခြင်း ပုံကောင်းမကောင်း အဖြေမထွက်မချင်း ထမင်းမစားဘဲ စောင့်နေရသည်များကို မှတ်မိ၏။

ကျုပ်ကို ဦးစွန်းဖုတ်ထားပေး၏။

ဦးစွန်းဖုတ်ဟူသည် ချာရစ်ထားနည်း ဆံပင်အရှည်ထားခြင်းဖြစ်၏။ အဖေ့နှစ်မ (မအေတူ ဖအေကွဲ) ဒေါ်မမသည် ကျုပ်ခေါင်းမှ ဆံပင်ကို မကြာခဏ စုဆွဲ၏။ "သျှောင်ထုံးမရသေးဘူး၊ သျှောင်ထုံးလို့ရပြီ"

mgyoe.com

mgyoe.com


မကြာခဏ ပြော၏။ သို့ဖြစ်သောကြောင့် ရှင်လောင်းမလှည့်ဘဲ ရှင်လောင်းအဝတ်ဖြင့် ဓာတ်ပုံရိုက်မည့်စိတ်ကူးသည်။ ကြိုတင်စီစဉ်ထားသော စိတ်ကူးဖြစ်ဟန်တူပါသည်။

ယခု ပြောနေခြင်းမှာ ယောက်ျားဘက်မှ ဆွေမျိုးတော်စပ်သော ကိုအေးမောင်ကို ရှင်ပြုပေးခြင်းနှင့် စပ်လျဉ်းပြီး ကျုပ်တို့ညီအစ်ကို ရှင်ပြုပုံကို ဆက်နွှယ်ဖော်ပြခြင်းဖြစ်ပါသည်။

ရေကို ကိုယ်တိုင်ရွက်သော ဆရာမကြီးအကြောင်းဖော်ပြခဲ့ပါသည်။ စိတ်ကောင်းရှိခြင်း၊ ရိုးသားခြင်းတို့ကြောင့် နိုင်ထက်စီးနင်း အပြုခံရသည်ကို ကြားဖူးသည်မှာ တရားမဝင် ငွေတိုးချေးစားသူအဖြစ် ထောင်ကျအောင် အလုပ်ခံရပုံများဖြစ်သည်။ သို့သော် ကျုပ်နားမလည်သည်များများစွာ ပါဝင်ဖွယ်ရှိသည်။

နောက် ကျုပ်နားမလည်သော အကြောင်းတစ်ခုရှိသေး၏။ယင်းမှာ ဒေါ်ခင်မမဖြစ်သည်။ သူသည် တရားဝင် လက်ထောက်ကျောင်းဆရာလော။ ခိုကပ်နေသူလော၊ သဲကွဲစွာ မသိရပေ။ သူ့ကလေး၏ အနှီးတွေကို ညနေတိုင်း ရုပ်ပေးရသည်။ တစ်ညနေတွင် အနှီးရုပ်နေသည်ကို ဘကြီး (အဖေ့အစ်ကိုတစ်ဝမ်းကွဲ) မြင်သွားသဖြင့် မရုပ်ရတော့ပေ။

ဆရာမကြီးအိမ်၏ မြောက်ဘက်မလှမ်းမကမ်းတွင် ထောင်ထွက်တစ်ယောက်ရှိသည်။ ထိုသူထပ်မံဆိုးပေမှုမရှိအောင် ထိုသူထံမှ ကြိမ်ကုလားထိုင်အဟောင်းများကို ဝယ်ယူသည်ကို တွေ့ဖူး၏။

ထိုသူမှာ ဆွေမတော် မျိုးမစပ်ငြား ဝေးလံသော အရပ်မှ တကူးတကလာပြီး လိမ်သောဆွေမျိုးရှိပါသည်။ တူမအရင်းလော၊ ဘယ်နှဝမ်းကွဲနည်းမသိပါ။ အခန့်သား ရောက်လာသည်။ အနွေးထည်ကို မမသို့ပေးပစ်လိုက်သည်။ ငွေချေးသည်။ လကုန်သောအခါ ငွေရောက်မလာပါ။ ဆရာမကြီး ငိုရသည်။

mgyoe.com

mgyoe.com


ထိုဆရာမကြီး၏ အိမ်သည် နေရှင်နယ်ကျောင်း နေရှင်နယ်ရုပ်ရှင်ရုံရှိသော လမ်းနှင့် တစ်အိမ်သာခြားပါသည်။ ထိုအိမ်သည် သားရေပွဲစားဖြစ်ကာ ထမင်းလခပေးဖြင့် အဝေးမှကျောင်းသားများကို ထမင်းကျွေးပါသည်။

ကျောင်းသားများအနက် အချို့ကျောင်းသားသည် ဒဂုန်မဂ္ဂဇင်းနှင့် ဝတ္ထုများဝယ်ယူဖတ်ကြပါသည်။ ထိုသို့ဖတ်ရာတွင် ပြတင်းပေါက်ကိုမှီပြီးဖတ်သည်။ သဘောမှာ ... မမ မြင်စေရန်ဖြစ်၏။

မမ ... မြင်သည်။

အိမ်ရှင်အဒေါ်ကြီးထံတွင် ငှားသည်။

မမငှားရမ်းဖတ်ရှုပြီး ခဏတစ်ဖြုတ်ချထားသော မဂ္ဂဇင်းများ၊ ဒဂုန်သူရိယစသည် ဝတ္ထုစာအုပ်များ၊ ဝါဝါဝင်း၊ ပျို့တောင်ပြုံး ... စသည်တို့ကိုကျုပ်ဖတ်ခွင့်ရသည်။

ဆရာမကြီးသည် သတင်းစာလပေးမဖတ်ပါ။ သို့ရာတွင် ပညာရေးဌာနမှ "ပညာမဂ္ဂဇင်း" မျိုးကိုမူ မဝယ်မနေရ ဝယ်ရပါသည်။ ထိုအရာမျိုးကို ကျုပ်ကောက်ဖတ်သည်။ အပြစ်မဆိုပေ။ ဤကဲ့သို့သော နေရာမျိုးမှလာသော ကျုပ်သည် ကျောင်းပြောင်းရသောအခါ စာသမားနှင့် တေ့တေ့ဆိုင်ဆိုင် တွေ့ရသည်။ ကျုပ်တို့သည် သူ့လက်အောက်တွင် ၅ တန်းမှ ၇ တန်းအထိနေခဲ့ရသည်။ စာစီစာကုံးဖြစ်စေ၊ အကြောင်း တစ်စုံတစ်ရာကြောင့်ဖြစ်စေ ဆုပေးစရာအကြောင်းပေါ်လာလျှင် မြန်မာ့ရုပ်ရှင်မဂ္ဂဇင်းအစ များစွာသော အချိန်မှန်ထုတ် မဂ္ဂဇင်းဂျာနယ်များကို ဆုအဖြစ်ပေးပါသည်။

ထိုကျောင်းမှာ ဦးကျော်သိန်း အလယ်တန်းကျောင်း ဖြစ်ပါသည်။

ဤတွင် အမှတ်ရသော အကြောင်းတစ်ကြောင်း ပေါ်လာပါသည်။ ယင်းမှာ ကျုပ်ကျောင်းထွက်လိုက်ရခြင်း ဖြစ်ပါသည်။ ကျုပ်ကျောင်းထွက်

mgyoe.com

mgyoe.com


ရခြင်းမှာ မကျန်းမာသဖြင့် ဖြစ်ရာ ကောင်းစွာမမှတ်မိပါ။ မှတ်မိသရွေ့ ဖော်ပြပါမည်။

ကျုပ်အထင် ဒုတိယတန်းကျောင်းသားဖြစ်ဖွယ်ရှိ၏။

တစ်ညတွင်ဖြစ်သည်။

အိပ်ပျော်နေရာမှ ထပြီးငိုသည်။ ငိုသော ကျုပ်ကို ဝိုင်းဝန်းမေးကြရာ ညာခြေထောက်ကို ပြသ၏။ အကျိုးအကြောင်း မေးကြသောအခါ ကျုပ် မဖြေတတ်။ သို့ကြောင့် ကျုပ်ကို မြင်းလှည်းဖြင့် အိမ်သို့ ပြန်ပို့ရသည်။

မြောင်းကူးတံတား (ပေါင်း) ကျွံ၍ ဖြစ်သလော။ အုတ်ပုံပေါ်တက် အဆော့၌ အုတ်ပုံပြိုပြီး ညပ်သလော။ ကိုယ့်ဘာသာကိုယ်လည်း မပြော တတ်ပါ။ အမေနှင့် အဖေမှာ ပျာပျာသလဲ ပြုစုကြ၏။ ဆင်ဖြူကျွန်းမြို့ ပေါ်ရှိ "ခြေကဖွား" တစ်ဦးထံသို့ပင် သွားရောက်ပြသည်။

ခြေကဖွားဆိုသည်မှာ ဖွားရိုးဖွားစဉ် ခေါင်းကစတင်မဖွားဘဲ ခြေထောက်ကစတင် မွေးဖွားသူဖြစ်၏။ ထိုသူသို့ ငွေကြေးမပေးရပါ။ လက်ဖက်တစ်ရိုး၊ ကွမ်းရိုးတစ်ညှာဆိုသည့် မြန်မာစကားအရ "လက်ဖက် တစ်ထုပ် ဆေးလိပ်တစ်လိပ်" အကျိုးအကြောင်းပြောပြီး ပေးသည်တွင် "ပျောက်သွားပါလိမ့်မယ်" ပြောလိုက်သည်။

အခြားသူတွေ မည်သို့ ပြောကြစေကာမူ အဖေနှင့် အမေကား ကျုပ် အတွက် ကြိုးစားကုသကြသည်။ ကလိန်ရွက်၊ လဒပါးပျဉ်းရွက်ပေါင်း ခံ၍တစ်နည်း၊ ချောင်းဟိုဘက်ကမ်း ကြက်ဆူဘုရားအနီးနေ ဆရာသန့် ပင့်၍တစ်ဖုံ ကုသကြပါသည်။

မြင်းချေးနှင့်မိသလင်၊ ချင်းတို့ပါဝင်သော ဆေးဖြင့်လည်း ကျုပ် စည်းရသေးသည်။ ထိုအခါ မြင်းချေးရရန်အတွက် တာလမ်းသို့ထွက်ပြီး မြင်းချေးကျုံးရသည်။ မြင်းချေးကျုံးရသူမှာ အစ်ကိုဖြစ်ရာ သူက ကျုပ်ကို ငြိုငြင်သည်။ အလွန်ချစ်ခဲ့သောအစ်ကိုနှင့် မသင့်တင့်မှုသည် ဤမှ

mgyoe.com

mgyoe.com


စတင်၏။

ထိုအချိန်က ဒေါ်မမသည် အမေကြီးကိုယ်စား ဈေးရောင်းမထွက်သေးသဖြင့် ကျုပ်ကိုပြုစုသူများတွင် သူလည်း ပါဝင်၏။ ရွာနှင့်မနီးမဝေးတွင် ဘုရားပွဲရှိသည်။ ကျုပ်သွားချင်သည်။ သို့သော် မသွားနိုင်။ ထို့ကြောင့် ပူဆာ၏။

"မမရေ ...။ ငါ့ကို တောင်းထဲထည့်ရွက်ပြီး ပွဲရှိတဲ့နေရာကို လိုက်ပို့စမ်းပါ"

ကျုပ်၏ခြေထောက် အနာပျောက်သွားလျှင် ပထမဖင်တရွတ်တိုက်၊ နောက်တောင်ဝှေးဖြင့် သွားသည်။ တောင်ဝှေးကိုပါ လွှတ်နိုင်ချိန်တွင် ငရဲခန်းသို့ ပြန်ရောက်သည်။ ငရဲခန်းဟုဆိုရခြင်းမှာ ထစ်ခနဲရှိလျှင် ကျုပ်နှင့် သောင်းစိန်ကိုပဲ ရိုက်ပြီးစစ်ဆေးသောကြောင့်ဖြစ်သည်။

ကျုပ် ကျောင်းထွက်ရသည်ဆိုခြင်းမှာ ခြေထောက်နာသည့်အတွက် အိမ်ပြန်နေရသောကာလကို ဆိုလိုပါသည်။

ဆရာမကြီးသည် အနာလိမ်းဆေးသာမက လေငန်းဆေးချွဲဆေးနှင့် ဆေးနက်မှုန့်ကိုလည်း ဖော်စပ်သုံးစွဲသေး၏။ တစ်ခါသော် နေလှမ်းထားသော ပရဆေးတွေ လေဖြင့်လွင့်ပါသည်ကို ကျုပ်တို့စားသည်ဆိုကာ ရိုက်တော့၏။

'မစားပါဘူးခင်ဗျာ"

"ညာဦးဟဲ့ညာဦး"

ဘေးလူများ၏ အမြင်တွင် ကျုပ်တို့ကို အမိုက်ဟု မြင်နိုင်သည်။ ဆန်ကုန်မြေလေးဟု ကွယ်ရာထောင့်ရာ၌ ဆိုကောင်းဆိုကြပေလိမ့်မည်။ ယခု အမှုတွင်လည်း စမုန်စပါးနှင့် နွယ်ချိုအတုံးသေးများကို ဆိတ်လည်း စားနိုင်သည်။ စားလွယ်ခုတ်အရပ်ရှိ "ကိုရာကွတ်" အိမ်မှာ ဆိတ်မွေး၏။

ဤသည်တို့ကို ထည့်မတွက်ဘဲ တစ်ဖက်သတ်အမြင်ဖြင့် ဖိရိုက်

mgyoe.com

mgyoe.com


နေရာ "ထမင်းဆာလို့ စားမိပါတယ်" ဆိုမှ အရိုက်ရပ်တော့သည်။

"စောစောကဝန်ခံလိုက်ရင် ပြီးတဲ့ဟာကို"

နောက်တစ်ခုရှိသေး၏။

ကျုပ်တို့နေထိုင်ရာ စာသင်ကျောင်း၏ တောင်ဘက်တွင် မိလ္လာလမ်းကြားမြောက်ဘက်တွင် လူသွားလမ်းကြားရှိ၏။ ထိုလမ်း၏ သည်မှာဘက်ထိပ်တွင် ကျုပ်တို့ ကျောင်းရှိကာ ဟိုမှာ ဘက်ထိပ်၌ အစ်မကြီး၏ ရည်းစားအိမ်ရှိသည်။ ရည်းစားသည် ဈေးသွားဈေးပြန် ထိုလမ်းကို အသုံးပြုရာ အသွားအပြန် သူကြည့်ချင်ကြည့်မည်၊ မကြည့်ချင်နေမည်။

ဟင်းကောင်းတစ်မျိုးမျိုးဖြင့် ထမင်းစားပြီးတိုင်း ဦးလေးစောကမေး၏။

"မင်းတို့ရွာမှာ ဒါမျိုးစားရလား"

"စားရပါတယ်"

ထိုသို့ ဖြေဖန်များလာသောအခါ ဦးလေးစောက "စကားလိမ်"ဖြင့်မေးသည်။ ထိုအချိန်မျိုးတွင် အစ်မကြီးသည် ဘေးနား၌ ရှိတတ်ရာကျုပ်က ပုံသေတွက်ထား၏။

"မိန်းကလေးတစ်ယောက် ဘေးမှာရှိနေတဲ့အတွက် မတော်တရော်တွေ မေးမှာမဟုတ်ဘူး"

သို့သော် အစ်မကြီးက ဝင်ပြော၏။

"ဟဲ့ ကောင်လေး မဖြေနဲ့ဟ"

"ဗမုရအာ စားဖူးလား"

"ရှုရအမ်း စားဖူးလား"

စကားလိမ်ကိုလည်း မသိ၊ ပုံသေလည်း တွက်ထားမိသောကြောင့် "စားဖူးတယ်" ချည်း ဖြေလေ၏။

ပုံသေနည်းကြောင့် ကျုပ်ဒုက္ခရောက်ပုံရှိသေး၏။ ၎င်းမှာ နှစ်ကျပ်

mgyoe.com

mgyoe.com


ပဲတင်း၊ နှစ်ကျပ်မူးတင်း၊ သုံးကျပ်ပဲတင်း၊ လေးကျပ်မူးတင်း ... စသော အသုံးအနှုန်းများ ဖြစ်သည်။

ထိုအသုံးအနှုန်းအတွက် ကျုပ်စဉ်းစားပုံမှာ ဤသို့ဖြစ်၏။

"တင်းတယ်ဆိုတာဟာ ပိုလျှံနေမှ တင်းနိုင်တာ"

ထိုကြောင့် ကျုပ်သည် နှစ်ကျပ်မတ်တင်းကို ၃၂–၄၂ ဖြစ်ရမည့်အစား ၃၂–၄၅ ၊ ၃၂–၂၂ နှစ်ကျပ်မူးတင်း (၃၀–၁၄၂) ကို ၃၂–၂၂ ဟု ပြောင်းပြန်ရေးမိတွက်မိသည်။

"ဟဲ့ တင်းတယ် ဆိုတာဟာ လျှော့တာဟဲ့"

ဤသို့ ရှင်းလင်းသွားအောင် ပြောပြတတ်သူ အလွန်ရှားပါးပေသည်။

ယခု မူလတန်းကျောင်းမှ အလယ်တန်းကျောင်းသို့ ပြောင်းခါနီးတွင် အထက်က မေ့ကျန်ခဲ့သည်များကို ဖော်ပြနေခြင်းဖြစ်သည်။ သို့အတွက် သတိရသမျှလေးကို တစ်လက်စတည်း ဖော်ပြပါမည်။

အဒေါ် ဒေါ်မမနှင့် သူ၏မိဘ ဦးစော၊ ဒေါ်အိုတို့သည် ကျုပ်တို့ အိမ်ဝိုင်း၏ ခြေရင်းဘက်တွင် နေထိုင်ကြ၏။ ဝိုင်းသီးသန့်ဖြစ်သည်။ ဒေါ်မမတို့အိမ်မှာ အိမ်ပုကလေးဖြစ်၍ မျက်နှာချင်းဆိုင်မှာ အိမ်မြင့်ရှိသည်။ အမေ့ပထွေးဦးသာဌေး (ဘသာဌေး) ၏အိမ်ဖြစ်သည်။

အမေသည် အလုပ်များသောအခါများ၌ ကျုပ်ကို ဘသာဌေးထံ လာရောက်ပေးထားသည်။ ကျုပ်လူမှန်းသိချိန်တွင် အမေ့အမေမရှိတော့ပါ။ အမေမှာ ဘသာဌေးနှင့် အမေကြီးတို့ရသော သမီးကြီး ဒေါ်ငွေမြိုင် သားငယ်ဦးဆိုးပေတို့ကို ထိန်းနေရသဖြင့် စာမတတ်ပါ။

ရွာတွင် လူကျောင်းရှိခဲ့ဖူးသည်။ ဘထွေး ဦးကျောက်လုံးလက်ချက်ကြောင့် တစ်ရွာလုံး တက်တက်ပြောင်ပြီးမှ အသစ်တည်သောကြောင့် ရွာသစ်ကြီးခေါ်လျှင် မီးမလောင်မီက မည်သို့ ခေါ်သနည်း။

ကျောင်းဆရာ၏အမည်မှာ ဦးရွှေယဉ်ဟူ၏ ထိုအချိန်အခါက

mgyoe.com

mgyoe.com


အစိုးရကျောင်းများတွင် သင်ကြားသကဲ့သို့ သင်ပေးသည်။ သို့ရာတွင် ကျောင်းမှာ တာရှည်မခံပါ။ ထိုကျောင်းတွင် မနေခဲ့ရသော အမေ့ကို ကတ်သီးကတ်သတ်တွေ မေးခဲ့၏။

"အမေ ... ဒီမိုးကြီးက ဘာကြောင့် ပြာနေတာတုံး"

"မြင်းမိုရ်တောင်လို့ ခေါ်သကွဲ့။ အလွန်မြင့်တဲ့အတွက် မိုးနေတယ်လို့ထင်တာ"

အမေသည် စာအုပ်၊ စာရွက်၊ စာတမ်း၊ သတင်းစာတို့ကို တွေ့လျှင် ဖြန့်ကြည့်ပြီး နင့် ငါမသိ။ ငါ့ နင်မသိ ဖြစ်နေပါပေါ့လား" ဟု မြည်တမ်းလေ့ရှိသည်။ ထိုသို့ရှိငြား ကျုပ်မှာ မေးစရာလူဟူ၍ အမေသာ ရှိသည်။

"အမေ ... သည်လက်ဆွဲမီးအိမ်ကို ဘာခေါ်တုံးဟင်"

ကျုပ်ထောက်ပြသော စာလုံးမှာ "၏" အက္ခရာဖြစ်သည်။

"အမေမှ စာမတတ်တာ ဘယ်သိမလဲကွယ်။ မင်း သိချင်ရင် ... ကျောင်းနေပေါ့"

ကျုပ်သည် ဤနည်းဖြင့် ကျောင်းနေချင်စိတ်ဝင်လာကာ ကျောင်းနေခဲ့သည်။ ကျောင်းအိပ်ကျောင်းစား နေသည့်အတွက် အိမ်တွင်ဆန်ရှိတိုင်း လေးငါးပြည်ပို့ပေးရသည်။ သို့ဖြစ်ငြား "အလကားပါ" ဟု အပြောခံရသည်။

ကျုပ်ခြေထောက်နာချိန်သည် ရွာအနီးတာလမ်းဘေး၌ ဆန်စက်သေးသေးတစ်လုံး လာရောက်တည်ချိန်ဖြစ်၏။ ကျေးရွာသူ ကျေးရွာသားတွေ တမျိုးမျိုး ကြိတ်ထိုးရသည့်ဘဝ၊ တဖုန်းဖုန်း ဆန်ဖွပ်ရသည့် ဘဝမှ လွတ်ကင်းကြပြီ။ သို့သော် မောင်းထောင်းဓလေ့ကား ကွယ်ခဲ့ရသည်။

စက်ကြိတ်ဆန်ကို မောင်းထောင်းဆန်ထက် ပိုမိုနှစ်သက်ကြသဖြင့် များးစွာ ဝေးလှမ်းသောအရပ်မှ လှည်းတပ်ကြီးဖွဲ့ကာ လာရောက်ကြိတ်ခွဲကြသည်ကို မြင်ရ၏။ ယခု ကျုပ်ဖော်ပြနေသော ဆန်စက်မှာ ရွှေသခင်ဆန်စက်ဖြစ်၏။ ဆင်ဖြူကျွန်းမြေတွင် ဦးစွာဖွင့်လှစ်သော ဆန်စက်ဖြစ်သည်။

mgyoe.com

mgyoe.com


နှစ်တန်းသုံးတန်းတွင် ကျုပ်ခြေထောက်နာသောကြောင့် ကျောင်းမှ ခဏထွက်နေရကြောင်း ဖော်ပြပြီးနောက် လေးတန်းအောင်၍ ကျောင်းပြောင်းရကြောင်း ဖော်ပြပါမည်။

ကျုပ် ယခုတက်နေသောကျောင်းမှာ ဒေါ်စိန်ဖွား မူလတန်းကျောင်း ဖြစ်ပါသည်။ ထိုကျောင်းနှင့် ခဲတစ်ပစ်ကွာတွင် နေရှင်နယ်ကျောင်း (အမျိုးသားကျောင်း)ရှိပါသည်။ နေရှင်နယ်ကျောင်းသည် ရုပ်ရှင်ရုံ၊ ဇာတ်ရုံဖြစ်သည့်အတွက် ဇာတ်ပွဲခင်းကျင်းသည့်အခါ၌ အခက်အခဲရှိပါသည်။

ထိုနေရှင်နယ်ကျောင်း၏ အနောက်အရပ် တစ်ခေါ်ခန့်အကွာတွင် ဒေါ်စိန်တင့်အထက်တန်းကျောင်း တည်ရှိသည်။ ဆရာတာ၏ ကျောင်း (မူလတန်းကျောင်း) မှာကား မြို့အဝင် နွားထူးဆိပ်သို့ သွားသည့် လမ်းကွေ့တွင်တည်ရှိသည်။

ဒေါ်စိန်ဖွား မူလတန်းကျောင်း၏ မြောက်အရပ်နှစ်ခေါ် အနောက် ယွန်းယွန်းတွင် ဦးကျော်သိန်းခေါ် ဆရာသိန်းအလယ်တန်းကျောင်းရှိပါသည်။ ထိုဦးကျော်သိန်းကို ဒေါ်စိန်ဖွားက ဆရာဟု ခေါ်ပါသည်။

ဦးကျော်သိန်း၏ကျောင်းမှာ တစ်ပိုင်းအပြန့်၊ တစ်ပိုင်းအထပ်ဖြစ်ပါသည်။ ထိုကျောင်း၏ အရှေ့မြောက်လေးအိမ်ကျော်တွင် ပိုးတန်းဇာတ်ရုံရှိသည်။ ဇာတ်ရုံ၏အနောက်ဘက်ဆောင်တွင် ဝက်သားသည်တစ်ယောက်၏တိုက်ရှိသည်။

ထိုဝက်သားသည် တိုက်ဆောက်စဉ်က ဦးကျော်သိန်းသည် "တစ်ခန်းစာလောက် ဆွယ်ပါရစေ" တောင်းပန်ကာ အခန်းတစ်ခန်းစာ တိုက်ကလေးတစ်လုံး ကပ်မြှောင်ပြီး ဆောက်ခဲ့၏။ ပိုးတန်းရုံတွင် ဇာတ်ဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ ပြသပါမူ ဦးကျော်သိန်း မိသားစုသည် သူတို့ပိုင် တိုက်ကလေး၏ ဘေးတံခါးကို ဖွင့်ထိုင်ခြင်းဖြင့် ရုံဝင်ခမပေးဘဲ ရုံဝင်

mgyoe.com

mgyoe.com


ပြီးသား ဖြစ်သွားတော့၏။

ထိုခေတ်ထိုအခါက လောကဓာတ်ကျောင်းဟုခေါ်သော အတန်းကျောင်းထားသူ နည်းပါး၏။ ထို့ကြောင့် ကျောင်းဆရာက ကျောင်းသားမိဘကို မျက်နှာချိုသွေးကြရသည်။

ကျုပ်ကိုထားရေးမှာကား မျက်နှာချိုသွေးစရာမလို။ တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါ မျက်နှာပြရုံသာလိုသည်။ ဆရာမကြီးသည် ဆရာသိန်းထံမှ ငွေကြေးများကို ချေးငှားသုံးစွဲထားရာ အတိုးပေးရန်မလို လူပေးလျှင်ပြီးတော့သည်။

ကျုပ်တို့ ၅ တန်း ၆ တန်းနှင့် ၇ တန်းကို သင်ကြားပြသအုပ်ချုပ်သော ဆရာဦးလှရွှေမှာ လူပျိုဖြစ်ပါသည်။ ၃ တန်းနှင့် ၄ တန်းကို သင်ကြားပြသအုပ်ချုပ်သော ဆရာမဒေါ်သဇင်မှာလည်း အပျိုဖြစ်ပါသည်။ ဝဖိုင့်သော်ကြား ဦးကျော်သိန်း ဒေါ်ခင်တို့၏ တစ်ဦးတည်းသော သမီးဖြစ်ပါသည်။

ကျုပ်တို့ဆရာ ဦးလှရွှေသည် ပဥ္စမတန်းသားများဖြစ်သော ကျုပ်တို့ကို သံပေါက်ခပ်နည်း သင်ကြားပေးသည်။ ထို့နောက် ဒွေးချိုး၊ တြိချိုးနှင့် လေးချိုးများပါ သင်ကြားပေးသည့်အတွက် မြန်မာစာသင်ချိန်ရောက်လျှင် ကျုပ်မှာ မြူးထူးရွှင်ပျနေပါသည်။

ကျုပ်တို့အတန်းတွင် ဇာတ်ကြီးဆယ်ဘွဲ့မှ တစ်ဇာတ်မျှမပြဋ္ဌာန်းကြား၊ ၇ တန်းတွင် ပြဋ္ဌာန်းသော ဝေဿန္တရာဇာတ်ကို ကျုပ်တို့ ၅ တန်းသားတွေ အလွတ်နီးပါး ရနေကြသည်။

ကျုပ်တို့အတန်း ၇ တန်းသို့ ရောက်ချိန်တွင် ၇ တန်းအတွက် ပြဋ္ဌာန်းသော ဇာတ်ကြီးဆယ်ဘွဲ့မှာ မဟာဇနက္ကဇာတ်တော်ဖြစ်သည်။ ဓမ္မနီတိချိုး၊ အမိကျေးဇူးတို့လည်း ပါဝင်သည်။ မည်သို့ဖြစ်စေ ကျုပ်ကား မကြိုးစားပေ။

mgyoe.com

mgyoe.com


ကျုပ်တို့အတန်းပိုင်ဆရာနှင့် ဆရာမသဇင်တို့ ညားပြီးချိန်ဝယ် စေတနာမှ မဟာဝေဒနာ ဇာတ်လမ်းတစ်ခုဖြစ်ပေါ်ခဲ့ပါသည်။ ဖြစ်ပုံမှာ ဤသို့ဖြစ်ပါသည်။

ကျုပ်တို့ ၇ တန်းတွင် ပုံဆွဲတော်သလောက် သင်္ချာညံ့သော တင်ဇ ရှိပါသည်။ ကျုပ်တို့ဆရာနှင့် မသဇင်တို့ တိုင်ပင်ပြီး ၄ တန်းသားများ ကို သင်္ချာတစ်ပုဒ်ပေးပါသည်။ ထိုပုစ္ဆာကိုပင် ကျုပ်တို့ ၇ တန်းကို မေးရာ တင်ဇမရပါ။ မရသော ကျောင်းသားများကို ၄ တန်းကျောင်းသား က နားရွက်ဆွဲရပါသည်။

စာမရသော ကျောင်းသားကို စာရသောကျောင်းသားက နားရွက် ဆွဲခြင်းမှာ မဆန်းပါ။ ယခုသော်ကား သုံးဆင့်ငယ်သော အတန်းက တက်ဆွဲသဖြင့် တင်ဇရှက်သည်။ ဆရာလိုချင်သည်မှာ ဤအချက်ဖြစ် ပြား မောင်ညွန့်လုပ်ပုံမမှန်ပေ။

မောင်ညွန့်က တင်ဇကို မထိမဲ့မြင်ပြုသည်။ အတန်းထဲတွင် ကျုပ်၏ ဆဲဖတ်ကန်ဖတ်ဖြစ်သော တင်ဇသည် မောင်ညွန့်၏ မထိမဲ့မြင်ပြုခြင်း ကို စိန်ခေါ်သည်။ နေရာတစ်ခု၌ ချိန်းပြီး သတ်ကြသည်။ သွေးထွက် သံယိုဖြစ်ကာ လူကြီးတွေသိကုန်သည်။ ကလေးချင်းကား ကျောင်းထွက် သည်အထိ မခေါ်တော့ပေ။

ဦးကျော်သိန်းနှင့် ပညာအုပ် ရန်ဖြစ်ကြရာတွင် ကျုပ်တို့ဆရာ ကြား ညပ်သည့် အကြောင်းလည်း ရှိထား၏။ ကျောင်းသားမိဘ အတော်များ များသည် မိမိတို့ကလေးကို စတုတ္ထတန်းအောင်ပြီးလျှင် ကျောင်းဆက် မထားသည်က များ၏။ သို့ဖြစ်သောကြောင့် အထက်တန်းသို့ ရောက် လေ ကျောင်းသားနည်းလေဖြစ်တော့သည်။ သို့အတွက် အချို့ကျောင်း အုပ်ဆရာကြီးများသည် ပညာဝန်–ပညာအုပ် လာရောက်ကြည့်ရှုမည့် အချိန်တွင် အခြားအတန်းမှ ကျောင်းသား၊ ကျောင်းသူများကို ခေါ်ယူ

mgyoe.com

mgyoe.com


ထည့်သွင်းထားတတ်ကြပေ၏။

ကျုပ်တို့၏ကျောင်းအုပ်ဆရာကြီးကား ပညာအုပ်ကို ပိုင်သည်ဆိုကာ လျှောက်လည်နေသည်။ ကျောင်းစစ်ဆေးရေးအရာရှိ လာနေကြောင်းကို သတင်းပို့ရန် တစ်နာရီခန့်ကြာမြင့်သည်။ ပညာအုပ်ထက်မြင့်သော အရာရှိနှင့် ဆရာကြီးစကားများကြသည်။

"သုံးတန်းပေါင်းလို့မှ ၂၀ မပြည့်တဲ့ ခင်ဗျားအလယ်တန်းကို လခမပေးနိုင်ဘူး"

"ရပါတယ်၊ ခင်ဗျားသဘောပါ"

ဆရာကြီးဦးကျော်သိန်းသည် ငွေကြေးမာနထောင်လွှားခြင်းလော၊ အမှိုတံကဲမာနတက်ခြင်းလားမသိ၊ မပြေမလည်ဆက်ဆံရာ ဆရာဦးလှရွှေမှာ လကုန်ချိန်၌ လစာမရတော့ပါ။

လစာမရငြား၊ ကျုပ်တို့ ဆရာဦးလှရွှေသည် ကျုပ်တို့ အတန်း ၃ တန်းကို ပစ်မသွားပါ။ ဆရာမ ဒေါ်သဇင်ကြောင့်လား၊ ကျုပ်တို့ကြောင့်လား မသိပါ။ ဆရာကြီး ဦးကျော်သိန်းမှ ကျုပ်တို့ဆရာဦးလှရွှေ လစာမရသော လမှ စတင်ပြီး တိုက်အိမ်သို့ ပြောင်းရွှေ့သွားပါတော့သည်။

တိုက်အိမ်မှာ ဝက်သားသည်၏တိုက် ဖြစ်ပါသည်။ ဝက်သားသည်မှာ ဖဲရှုံးခြင်း၊ ဘိန်းစွဲခြင်းတို့ကြောင့် ဆရာကြီးဦးကျော်သိန်းထံ တိုက်ကို ထိုးအပ်ရသည်။ ထိုအခါကျမှ ဆရာကြီး ဦးကျော်သိန်းသည် ဖဲဘုရင် ဘိန်းဘုရင်ဖြစ်ကြောင်း ဘွားဘွားကြီးပေါ်လေ၏။

ဖော်ပြရန် မေ့ကျန်ခဲ့သဖြင့် ယခုမှဖော်ပြစရာ အကြောင်းနှစ်ကြောင်း ရှိပါသည်။ တစ်ကြောင်းမှာ ဗလာစာအုပ်ဖိုးမကုန်ခြင်းနှင့် အစ်မကြီး အီးတီစီ တက်ခြင်းတို့ ဖြစ်ပါသည်။

ကျုပ်တို့ကျောင်းနေတုန်းက ဖတ်စာအုပ်ဖိုးနှင့် ကျောက်တံဖိုးပဲကုန်သည်။ စတုတ္ထတန်းသို့ ရောက်မှ ဗလာစာအုပ်ကို အသုံးချရသည်။

mgyoe.com

mgyoe.com


ပဥ္စမတန်းသို့ရောက်မှ ဗလာစာအုပ်ဖိုး အောတိုက်ပြီး ကုန်တော့သည်။

အစ်မကြီးသည် ဦးကျော်သိန်းကျောင်းမှ သတ္တမတန်းအောင်ပြီး နောက် ဒေါ်စိန်တင့်၏ အထက်တန်းကျောင်းသို့ တက်သေးသည်။ ထို့နောက် စစ်ကိုင်းမြို့ရှိ ဆရာဖြစ်သင်ကျောင်းသို့ တက်ရောက်သင် ကြားပြီး ကျောင်းဆင်းလာသည်။ ကျုပ်ဇဝေဇဝါဖြစ်ပုံမှာ ဤအချိန်တွင် သောင်းစိန်ရှိသေးလား၊ မရှိတော့ဘူးလားဖြစ်သည်။

ကျုပ်တို့ကျောင်းမှာ ပေလေးဆယ် (ထင်သည်) ပတ်လည်တွင် ကျောဘက်၌ တစ်မျိုးဆောက်ထားသည်။ တစ်ပိုင်းမှာ ကြမ်းခင်းရုံခင်း ထားသဖြင့် ဝပ်ပြီး ဖတ်ရသော အတန်းငယ်များရှိသည်။

ထိုကြမ်းခင်းထက်ဝက်ကိုမူ တံခါးတပ်ပြီး အလုံပိတ်လျက် အခန်း ဖွဲ့ထားပါသည်။ ကျောင်းအပြည့် မြေအပြည့်ဖြစ်သောကြောင့် မျက်စောင်း ထိုးရှိ ကိုရာကွတ် အိမ်ဝိုင်းထဲသို့သွားရောက်ကာ အိမ်သာကျင်းတူးထား ရသည်။

ကျုပ်မှာ အိမ်သာမသုံးသော ကျေးရွာမှလာသူဖြစ်ရကား လောက်နှင့် မစင် နပန်းလုံးနေသော တွင်းအိမ်သာကို အလွန်ရွံ့ရှာ စက်ဆုပ်သည်။ သို့ကြောင့် ညဥ့်အခါကျမှ ကျင်ကြီးစွန့်ဖြစ်သည်။

အစ်မကြီး ဆရာဖြစ်သင်တန်းတက်ခြင်းနှင့် သောင်းစိန်ရောနေသည် မှာ ဤသို့ဖြစ်၏။

ကျုပ်တို့ကျောင်း၏ တောင်ဘက်တွင် မိလ္လာလမ်းကြားရှိ၍ မြောက် ဘက်တွင် လူသွားလမ်းရှိသည်။ ကျုပ်တို့ကျောင်းမှာ အနောက်ဘက် ထိပ်၌တည်ရှိ၍ အစ်မကြီးရည်းစား၏ အိမ်မှာ အရှေ့ဘက်ထိပ်၌ တည်ရှိ ၏။ ထိုရည်းစားနှင့် အစ်မကြီးကို သဘောမတူသောအခါ ကျုပ်တို့မှာ အစ်မကြီးသွားလေရာသို့ တကောက်ကောက်လိုက်ကြရသည်။

အစ်မကြီးသည် သောင်းစိန်ကို သူ့လူဖြစ်အောင်လုပ်သည်။

mgyoe.com

mgyoe.com


အစ်မကြီး၏ ရည်းစားမှာ ဈေးထဲတွင် ဈေးဆိုင်ရှိသည်။ အစ်မကြီးပေး သောစာကိုယူပြီး ထိုဆိုင်သို့ သောင်းစိန်သွားကာ ပေးလိုက်သမျှ လက်ခံ လာရသည်။

ထိုအချိန်သည် အစ်မကြီး စစ်ကိုင်းသို့ သွားပြီလော၊ သောင်းစိန် စကုသို့ ပြန်သွားပြီလော၊ ကျုပ်မသဲကွဲပါ။ နောက်ထပ် ကျုပ်မသဲကွဲ သော ကိစ္စတစ်ရပ်ရှိသေး၏။

ကျုပ်တို့ကျောင်း၏ လက်ဝဲဘက်တွင် မိလ္လာလမ်းကြား၊ လက်ယာ ဘက်တွင် မိလ္လာလမ်းကြားထက် နှစ်ဆကျယ်သော လမ်းမျက်နှာစာတွင် လေးဆကျယ်သောလမ်းရှိ၏။ ထိုလမ်း၏ဟိုဘက်မှာ ယခုကျုပ်တို့နေရ သော နေရာထက် နှစ်ဆကျယ်သော အိမ်ဝိုင်းတစ်ဝိုင်းရှိသည်။

အစ်မကြီး၏ ရည်းစား မြောက်ဘက်လမ်းမှ သွားသောအခါတိုင်း အစ်မကြီးတွေ့မြင်နေရသဖြင့် ထိုအိမ်ကို ဦးယောင်ငါး ဒေါ်စမ်းတို့ထံမှ ငှားရမ်းပြီး ရွှေ့ပြောင်းနေထိုင်သည်။

တစ်နေ့သောအခါ ကျောင်းအိမ်ကလေး၏ မြောက်ဘက်မျက်နှာ တွင် ကတ်ကြေးကိုင်ပြီး အစ်မကြီးတစ်စုံတစ်ရာ လုပ်နေသည်။ ထိုအချိန် တွင် ဦးလေးစောရောက်လာကာ တစ်စုံတစ်ရာ ပြောသည်။ အစ်မကြီး သည် လက်ထဲမှ ကတ်ကြေးကိုလွှင့်ပစ်သည်။

"နင်ကလား၊ ငါ့ကို"

ဦးလေးစောသည် အသင့်ထားသော ကြိမ်လုံးကို ပြေးဆွဲပြီး သမီး ကို ရိုက်တော့သည်။ အစ်မကြီးက ကြိမ်လုံးကို ဆွဲလုနေစဉ် ဆရာမကြီး ရောက်လာကာ ဖျန်ဖြေသည်တွင် သားအမိသားအဖ သုံးယောက် လုံးထွေးနေ၏။

"အမယ်လေး ...၊ မျက်လုံးကို ရိုက်မိပြီ"

ဆရာမကြီး အော်သံလည်း ကြားရ၏။ ကြိမ်လုံးကို ဦးလေးစော

mgyoe.com

mgyoe.com


ဓားဖြင့် ခုတ်ပိုင်းပစ်၏။ ထိုအဖြစ်အပျက်များ ဖြစ်ပျက်စဉ်တွင် သောင်းစိန်ရှိသေးလား၊ အစ်မကြီး စစ်ကိုင်းက ပြန်လာပြီလား၊ ကျုပ်မဝေခွဲတတ်တော့ပါ။

ရှိပါစေလေ။

ဦးကျော်သိန်းအလယ်တန်းကျောင်းကို ကျုပ်ရောက်သည်မှစပြီး ပြန်ကောက်ရလျှင် ဆရာဦးလှရွှေနှင့် ဒေါ်သဇင်တို့ လက်ထပ်ကြရာ အရပ်က မေးငေါ့သည်။

"သည်ယုန်မြင်လို့ သည်ချုံထွင်တာ"

ဦးကျော်သိန်းလော၊ ဦးလှရွှေလော။

နှစ်ဦးလုံးကို ထိခိုက်ငြား ဦးလှရွှေက ပိုပြီးနစ်နာသည်။ ဦးလှရွှေသည် ဦးကျော်သိန်းထက် ပညာတတ်သည်။ ကျုပ်တို့ဆရာ ဦးလှရွှေသည် မြန်မာစာပေရေးရာတွင် တော်သကဲ့သို့ ကမ္ဘာ့နိုင်ငံရေး အမျိုးသားရေးတို့တွင်လည်း စူးရှနက်နဲသော အမြင်ရှိသည်။

ဦးကျော်သိန်းကား ငွေသာသိသည်။ ခေတ်ပျက်သောကြောင့်သက်သာသည်။ ခေတ်သာမပျက်လျှင် ဦးကျော်သိန်း ထောင်ကျမည်။

ဦးကျော်သိန်းသည် အဆောက်အအုံ ဆောက်လုပ်နိုင်သောကြောင့် ကျောင်းအုပ်လုပ်သည်ကား ရှိစေ။ သို့သော် တစ်တန်းမျှမအောင်သောသူ့ဇနီးဒေါ်ခင်ကို မူလတန်းပြ ဆရာမအဖြစ် လိမ်လည်ခန့်ထားခြင်းတစ်မှု။

ဒေါ်ခင်မှာလည်း ကျောတချမ်းချမ်းဖြင့် လိမ်လည်ရသောအလုပ်ကို မလုပ်ချင်ပါ။ ဆရာဖြစ်သင်တန်းဆင်း ဆရာမအစစ်ကို ငှားရမ်းခန့်ထားသောအခါ ဦးကျော်သိန်းရန်က ရှိနေသည်။ သို့ကြောင့် ဒေါ်ခင်အစားထိုးနေရခြင်းဖြစ်၏။

ကျောင်းဆရာအစစ်လည်းဖြစ်၊ စာပေလည်းတတ်ကျွမ်းသူမှာ တစ်

mgyoe.com

mgyoe.com


ကျောင်းလုံးတွင် ဦးလုရွှေသာရှိသည်။ ဒေါ်သဇင်မှာကား ကျောင်းဆရာဖြစ်ခြင်းမှလွဲ၍ အခြားအရည်အချင်းမရှိချေ။ ထို့ကြောင့် ဆရာသိန်းအလယ်တန်းကျောင်းပျောက်ကွယ်ပြီး ဒေါ်သဇင်၏ မူလတန်းကျောင်းပေါ်ပေါက်လာ၏။

အတန်းကျောင်းနှင့် မြို့ပေါ်က အကြောင်းအရာများကို ပတ်စာခွာဖျာသိမ်းတော့မည် စိစဉ်တော့မှ ရေးစရာတွေပေါ်လာပြန်သည်။ ယင်းတို့မှာ ကျုပ်ဈေးရောင်းခြင်းနှင့် အဖေ့ညီ ဘထွေးဦးကျောက်လုံး အကြောင်းဖြစ်သည်။

မည်သည့်အကြောင်းကြောင့် ကျုပ်ဈေးရောင်းခဲ့ပါလိမ့်ဟု ပြန်လည်စဉ်းစား၏၊ မပေါ်ပါ။ သို့ဖြစ်၍ သည်အတိုင်းပဲ ရေးရပါတော့သည်။

နေရှင်နယ်ရုပ်ရှင်ရုံ ဝင်ပေါက်နှင့် တည့်တည့်တွင် ဒေါ်ညွန့်၏ဆိုင်ရှိသည်။ သကြားလုံး၊ သကြားရေတ်သီးတောင့်၊ ဆီးပြား၊ ဆီးယို၊ ကျစုသီး၊ ဆားငန်သီး၊ မြေပဲလှော်၊ မြေပဲဆားလှော်တို့ရောင်းချပါသည်။

သူ့ထံမှ မြေပဲလှော် ၁၁ ထုပ်ယူသွားလျှင် ၁၀ ထုပ်ဖိုးပေးရပါသည်။ ကျုပ်လည်း ဒေါ်ညွန့်ထံမှ မြေပဲလှော် ၁၁ ထုပ်ယူကာ ဒေါ်ညွန့်မျက်နှာဖြင့် အလကားဝင်သွားငြား တစ်ညမျှဆယ်ထုပ်မကုန်ပေ။ သည်အထဲတွင် မြေပဲဆားလှော်မှ စားလိုသူများကလည်း ရှိသေး၏။ ဒေါ်ညွန့်ကလည်း ဆားလှော်မတင်။

သည်တော့ ကျုပ်ဉာဏ်ကူ၏။ မြေပဲလှော်ကို အခွံချွတ်၊ ဆားဖြူးပြီး မြေပဲဆားလှော်လုပ်ရောင်းသည်။ အလိမ်ခံရသူက ဦးလေးစောထံတိုင်ကြားသည်။ ဦးလေးစောက ကျုပ်၏မြေပဲလှော်ရောင်းခွင်ကို တစ်ခါတည်း ပိတ်သိမ်းလိုက်လေ၏။

ရုပ်ရှင်ကြည့်လိုသောကြောင့် မြေပဲလှော်ရောင်းသလော၊ အမြတ်ငွေဖြင့် ဆရာမကြီးထံ မျက်နှာလုပ်လို၍လော၊ စဉ်းစားသည်။ မပေါ်ပါ။

mgyoe.com

mgyoe.com



ဆရာမကြီးသည် အလွန်ချွေတာသူဖြစ်ရာ အမြတ်ငွေဖြင့် မျက်နှာလုပ်လို၍ ဖြစ်တန်ရာသည်။

အမေ့ထံမှဖြစ်စေ၊ အဖေ့ထံမှဖြစ်စေ၊ အခြားတစ်ဦးဦးထံမှဖြစ်စေ မုန့်ဖိုးပေးသွားပါက ဆရာမကြီးထံ အပ်နှံရန် စည်းကမ်းသတ်မှတ်ထားသည်။ တစ်ဦးဦးထံမှရသော ပိုက်ဆံကို မအပ်နှံကြောင်း ထင်ရှားပေါ်လွင်ပါက အရိုက်ခံရရန် ကွပ်ပျစ်ပေါ်မှာ မှောက်ပေရော့။

တောမှကျောင်းလာတက်သည့်ကောင် မုန့်ဖိုးပဲဖိုးပေးမည့်သူ ရှိပါမည်လော။ ရှိပါသည်။ ဘထွေးဦးကျောက်လုံးမှာ အတွေ့ရနည်းငြား မတော်တဆပေးတတ်၏။ နောက်ထပ်ပေးမည့်သူများမှာ ကိုဖိုးဆပ်နှင့် ကိုဖိုးဒွေးဖြစ်သည်။

သူတို့အကြောင်းပြောလျှင် ရင်နာရသည်။

သူတို့အိမ်မှာ ကျုပ်တို့အိမ်၏ကျောဘက်တန်း တစ်အိမ်ကျော် ဓားလွယ်ခုတ်တွင်ရှိသည်။ အမေနှင့် အမေတူဖအေကွဲ ဦးဆိုးပေကား မျက်နှာချင်းဆိုင်တန်း ဓားလွယ်ခုတ်တွင်နေသည်။

ထိုဖိုးဒွေး၊ ဖိုးဆပ်နှင့် အရီးဆိုး(ဦးဆိုးပေ)တို့သည် "ထောက်ဘီး" ပညာ သင်ကြားရန်အတွက် မြို့ပေါ်သို့တက်သွားကြသည်။ နွေအခါတွင် လူနေအိမ်ခြေနှင့်ဝေးပြီး ရေပေါ်သောချောင်းလယ်ကောင်တွင် အထင်အရှားမြင်ရသည်။

"ထောက်ဘီး" ပညာသည် နွားလှည်းဒေါက်ဘီးပညာဖြစ်သည်။ လယ်သမားတိုင်း တစ်နှစ်တစ်ခါ "လှည်းမီးချ"ရသည်။ အဖျားဆွတ်ပြီး ဒေါက်ဘီးဟုခေါ်ငြား လှည်းတစ်စီးလုံး အစအဆုံး ပြုလုပ်သည့် ပညာကို ထိုနေရာမှသင်ယူရရှိပါသည်။ သို့ရာတွင် လှည်းမီးချသော ပညာနှင့် လှည်းတည်ဆောက်သောပညာ ကိုဖိုးဒွေးနှင့် ကိုဖိုးဆပ်တို့ ရမရကားမသိပါ။ ဘိန်းစားဖြစ်သွားကြသည်ကား အမှန်ပင်။

mgyoe.com

mgyoe.com


ဘိန်းစားဟု အလွယ်ပြောခြင်းဖြစ်၏။ စင်စစ်သော်ကား ဘိန်းရှူသောသူနှင့် ဘိန်းစားတို့ခြားနားပါသည်။ ဘိန်းစားမှာ ဘိန်းပြောင်းထဲက ခြစ်ထုတ်ထားသော ဘိန်းချေးမည်းမည်းကို ရှူ့မဲ့ပြီးမျိုချသူမှသာ ဘိန်းစား ဖြစ်၏။

ဆီဖြင့်ထွန်းသောမီး၏ ပူပြင်းသောအရှိန် လွင့်မသွားစေရန်အစွပ် စွပ်ထားသည့်အပေါ်တွင် ဘိန်းပြောင်းကိုတင်သည်။ ထိုဘိန်းပြောင်း တွင် တစ်မတ်သားဖြင့် တစ်မတ်သား၊ ငါးမူးသားဖြင့် ငါးမူးသားတင်၍ အပူပေးသည်။ ထွက်သောအငွေ့ကို မျိုချရ၏။ ဤအရာမှ ဘိန်းစား အစစ် ဖြစ်ပေတော့သည်။

လက်သင်များနှင့် ငွေကြေးမတတ်နိုင်သူတို့အတွက် "ကွမ်းပုံ"ဟူ၍ရှိသေးသည်။ အစိတ်စိတ်ခြေမွထားသော ကွမ်းရွက်နှင့်ရောထားသည့် ဘိန်းကို ကွမ်းပုံခေါ်သည်။

ဘိန်းငွေ့၏အရသာကို ခံစားနေရသောကြောင့် ဘာမှမလုပ်ချင်ခြင်း ဖြစ်သည်။ ကိုဖိုးဒွေး၊ ကိုဖိုးဆပ်တို့သည် ဘိန်းမကောင်းကြောင်းသိပြား ဘိန်းကျွန်ဖြစ်ခဲ့ပြီ။ ရွာသို့မပြန်တော့ဘဲ ဖြစ်သလို လုပ်ကိုင်စားသောက် နေလေ၏။

သူတို့တွင် ကျုပ်နှင့်ရွယ်တူ "ငပု" အမည်တွင်သည့် တူကလေးတစ် ယောက်ရှိသည်။ သူတို့အစ်မ မမုန်းချစ်ကွယ်လွန်ပြီးနောက်တွင် သူတို့ ယောက်ဖကိုလှဘော်သည် မြေနှင့်အိမ်ကို ရောင်းသွားသည်။

ကိုဖိုးထွေး ကိုဖိုးဆပ်တို့သည် သူတို့တူကလေး ငပုကိုယ်စား ကျုပ် ကိုချစ်နေကြခြင်းဖြစ်၏။ လူချင်းတွေ့လျှင် ၂ ပြား ယူပေးမြဲဖြစ်၏။ အလွန်ခက်ခဲမှသာ ၁ ပြားပေးသည်။ ထို့ကြောင့် ကျုပ်မှာ ပေးကမ်းမည့် သူရှိသည်ဟု ဆိုခဲ့ခြင်းဖြစ်၏။

ထမင်းစားနေကျ ၄ ပန်းကန်မကုန်သော် စစ်မေးပြီ။

mgyoe.com

mgyoe.com



"နေ့လယ်က ဘာစားထားသတုံး"

"မစားပါဘူးခင်ဗျာ"

"ဘယ်သူကပိုက်ဆံပေးသတုံး"

အမျိုးမျိုးလှည့်ပတ်မေးရာ တစ်စုံတစ်ယောက်ထံမှ ရသောငွေကြေးဖြင့် သရေစာဝယ်စားကြောင်း ထင်ရှားပေါ်ပေါက်လျှင် သေပေတော့။

"မှောက်လိုက်စမ်း"

ကျုပ်သည် အခါခပ်သိမ်းမမှောက်ပါ။

မူလတန်း ကျောင်းသားဘဝတွင် မူလတန်းကျောင်းသားတို့၏အလယ်၌ ဝမ်းလျားထိုးကာ တစိမ့်စိမ့်မေးလိုက် ရိုက်လိုက်လုပ်သည်ကို ခံခဲ့၏။ ယခု အလယ်တန်းရောက်ပြီ။ ယခင်နည်းတူခံဦးမည်လော။ မခံနိုင်ပါ။ ခုနစ်တန်းကျောင်းသားရင့်မာကြီးက ပထမတန်း ဒုတိယတန်း ကလေးအလယ်တွင် မှောက်ပေးဦးမည်လော။

မမှောက်နိုင်ပါ။

ကျုပ် ကွပ်ပျစ်မှဝေးရာသို့ဆုတ်၏။

"မှောက်လေ"

ဆရာမကြီးက အမှောက်ခိုင်းငြား ကျုပ်ပြေးသည်။ အဆောက်အအုံ၏ တံစက်မြိတ်အပြင်သို့ ရောက်အောင်ပြေးသည်။ ထမင်းစားချိန်ပါ ပြန်မလာတော့ချေ။ ကျုပ်သည် သည့်အရင်ကလည်း ပြေးသည်။ စုစုပေါင်း ၇ ကြိမ်ခန့်ရှိမည်ထင်သည်။ ထိုအပြေးများမှာ မမှောက်ရရေးမဟုတ်။ မဝရေစာစားပြီး ကျွန်ခံနေရသော ဘဝမှ လွတ်ငြိမ်းရာသို့ ပြေးခြင်းဖြစ်ငြား မရပါ။ "တစ်သက်လုံးစားလာပြီး သံပရာတစ်ခြမ်းနဲ့ ချေလို့ ဘယ်ဖြစ်မလဲ"ဆိုသည့် အဖေ့စကားမှာ ကျုပ်နားထဲမှာ စွဲနေ၏။

ယခုပြေးခြင်းကား လူပုံလယ်၌ မမှောက်ရရေးဖြစ်၏။

အချိန်အခါမှာ ဆုတောင်းပြည့်ဘုရား ဆွမ်းလုံးကပ်လှူပွဲအပြင်

mgyoe.com

mgyoe.com


လှေပြိုင်ပွဲနှင့်ပါ တိုက်ဆိုင်နေ၏။ မြို့အနောက်ဘက်၌ စလင်းချောင်း ရှိသည်။ လှေလှော်လောက်အောင် ရေများနေပါက လှိုင်းတံပိုးတွေထနေ သဖြင့် လှေပြိုင်ပွဲလုပ်၍မရ။

ယခုကား ဧရာဝတီမြစ် မြစ်ရေကြီးချိန်တွင် စလင်းချောင်းရေဆုတ် နေခြင်းဖြစ်၏။ ဧရာဝတီမြစ်ရေ ချောင်းထဲသို့ဝင်ပုံမှာလည်း လှေပြိုင်ပွဲ လုပ်၍ရသည်အထိဖြစ်၏။

လှေတော်သားရရေးကား မခဲယဉ်းပါ။ ဧရာဝတီမြစ်ရိုး၌ နေထိုင် သူများမှာ လှေတော်သားချည်းဖြစ်၏။ ရှားရှားပါးပါးလှေပြိုင်ပွဲနှင့် တိုး နေသည့်အတွက် ကျုပ်၏အပြေးမှာ အပြေးကောင်းဟုဆိုရမည်သို့ ရှိ နေတော့သည်။ သို့သော် သူငယ်ချင်းများနှင့် အတွေ့တွင် သူတို့ကြား ထဲ၌ဝင်ထိုင်သည်။

"ဟေ့ကောင်၊ မင်းကိုယ်က နံတယ်ကွ"

ရေမချိုး၊ အဝတ်မလဲသည်မှာ သုံးရက်ရှိပြီလေ။ သို့ကြောင့် ချောင်း ထဲဆင်းပြီး ရေချိုးသည်။ ပုပ်စော်နံသောအနံ့ ပျောက်သွား၏။ ဝမ်းထဲက တကြုတ်ကြုတ်မြည်လာသည်။ ဘုရားပွဲတော်မရှိသဖြင့် စားစရာမရှိပါ။

ချောက်မြို့တွင် ဆွေမျိုးတွေရှိသည်။

ချောက်သို့သင်္ဘောဖြင့် သွားရသည်။

သင်္ဘောဆိပ်သို့ ကျုပ်လာသည်။ သင်္ဘောစောင့်ရင်းဖြင့် အိပ်ပျော် သွားရာ ကုန်ထမ်းသမားများ၏ တံဆိပ်ရိုက်ခြင်းကို ခံလိုက်ရ၏။

"အိမ်ပြန်တာပဲကောင်းပါတယ်လေ"

ဝမ်းထဲက ဆာလှပြီ။ သို့ကြောင့် အိမ်သို့ပြန်လာရာ မြို့အဝင်၌ ကိုဖိုးဆပ်ကိုတွေ့သည်။

"ကိုဖိုးဆပ် ... ပိုက်ဆံပေး"

"ကောင်လေး၊ အိမ်ပြေးလုပ်နေလား"

mgyoe.com

mgyoe.com


ကိုဖိုးဆပ်သည် ပိုက်ဆံတစ်ပြားပစ်ပေးပြီး ရေးကြီးသုတ်ပျာထွက်သွားသည်။ ပိုက်ဆံတစ်ပြားရသဖြင့် ကျုပ်စိတ်ပြောင်းသွားသည်။ ဂဝတ်တဲနားရှိ ကုလားလက်ဖက်ရည်ဆိုင်တွင် ပလာတာတစ်ခြမ်းဝယ်သည်။

"ပလာတာ တစ်ခြမ်းမရောင်းဘူး"

ပလာတာတစ်ချပ်ကို နှစ်ပြား၊ တစ်ခြမ်းကို တစ်ပြား ရောင်းနေကျဖြစ်ပါလျက် ကုလားမည်သို့ဖြစ်သွားသနည်း။ ဝယ်သူ၏ဥပမိရုပ်မကောင်းသောကြောင့် ဖြစ်ဖွယ်ရှိသည်ဟု တွေးနေစဉ် "မပြေးနဲ့"အော်သံနှင့်အတူ ကုပ်ကိုကိုင်ဖမ်းခြင်းခံလိုက်ရသည်။

ကျုပ်ကုပ်ကိုကိုင်ဖမ်းသူမှာ ကျုပ်ဆရာဦးလှရွှေဖြစ်ပေ၏။ ကျောင်းဖွင့်ရာသို့ ကျုပ်မလာသဖြင့် သူစုံစမ်းမည်။ ကျုပ်ထွက်ပြေးနေကြောင်းသိကာ လိုက်လံစုံစမ်းရာမှ မိသွားခြင်းဖြစ်ပါသည်။

ယင်းသို့အကြီးအကျယ်ပြေးခြင်းအတွက် ရိုက်နှက်ရန်ဝေးစွ၊ မာန်သော်မျှ မမာန်ပါ။ ယင်းသို့ဖြစ်သည့်အတွက် ဘထွေးဦးကျောက်လုံးလည်း ကျုပ်ဘက်မှာရှိသည်။

"ကျောင်းပြေးတာ မကောင်းပေမဲ့ ချုပ်ချယ်လွန်းရင် ပြေးမှာပဲ"

ထိုဦးကျောက်လုံးကား အဖေ့ညီအရင်းဖြစ်စေကာမူ ချွေးထွက်မည်ကို ကြောက်၏။ ကျုပ်တောမှမထွက်မီ ရေခဲမြင်ဖူးအောင် ရေခဲစားဖူးအောင် ပင်ပန်းစွာကြိုးစားဆောင်ရွက်ပေးဖူးပါသည်။

ကျုပ်ကျောင်းနေချိန်တွင် ဘထွေးဦးကျောက်လုံးသည် ချောင်းကိုကျောပေးထားသော အိမ်တန်း၌ ရောက်နေပါသည်။ ထိုအိမ်များတွင်းဆိုင်းဘုတ်က အိမ်ထက်ခန့်ထည်သော အိမ်တစ်အိမ်တွင် ဘထွေး နေပါသည်။

ထိုအိမ်တွင် ချွေးထွက်သံယိုမလုပ်ရပါ။ မြင်းလှည်းမြင်းတွင် ဆင်ယင်သော တန်ဆာပလာများ ပြုလုပ်ရောင်းချပါသည်။ ဘထွေးဦး

mgyoe.com

mgyoe.com


ကျောက်လုံးမှာ ထိုဆိုင်းဘုတ်ပိုင်ရှင် ခိုင်းသမျှကို လုပ်ကိုင်ပေးရင်း ကျေနပ်နေသည်။

ဘထွေးဦးကျောက်လုံးသည် ညဥ့်ဦးပိုင်းတွင်သာ အလာများပါသည်။ သို့ပါလျက်နှင့် ကိုကြွယ်ကြီးနှင့် ဝင်တိုးခြင်းမှာ အံ့သြစရာဖြစ်၏။

ကိုကြွယ်ကြီးဆိုသည်မှာ မဟာဝိသုတာရာမစာသင်တိုက်၏ အရှေ့ဘက်နားနေ အသုပ်စုံသည်၏သားဖြစ်ပါသည်။ အလေးမသောကြောင့် ဖြစ်ပေါ်လာသော လက်မောင်းဖြင့် ဝင့်ဝါနေသူဖြစ်၏။ တစ်နှစ်ခွဲသားနှစ်နှစ်သားကလေးငယ်ကို လက်ဝါးပေါ်တင်ထားသောမြင်ကွင်းသည် များစွာတင့်တယ်လှပပေသည်။

သည်မူလတန်းကျောင်းသို့ ကိုကြွယ်ကြီး လာနေခြင်းမှာ စေတနာ့ဝန်ထမ်းဆရာလုပ်ရန် မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ ဆရာမကြီးကား ခိုင်းသည်။

"ငကြွယ်" ကလေးတွေကို အလီပေါင်းချပေးလိုက်စမ်း"

အစ်မကြီးတွင် ရည်းစားရှိသည်ကို မသိ၍လာသလော။ သိလျက်နှင့်လာသလော မပြောတတ်ပေ။ သို့သော် လာရန်ခဲယဉ်းသော ဦးကျောက်လုံးသည် ၃ ရက်တစ်ခါ ၄ ရက်တစ်ခါလာသည်။ ကိုကြွယ်ကြီးကို ကာယဗလအနိုင်ယူခြင်းဖြင့် ဦးချိုးသည်။

သို့သော် ဦးလေးစောကားပြတ်သည်။

"တို့မှာ သမီးပျိုရှိတယ်ကွဲ့ မလာပါနဲ့"

"ကျွန်တော်က ဆရာမကြီးကို ကူညီတာပါ"

"အေး ကျေးဇူးတင်တယ်၊ မလာပါနဲ့"

ဦးလေးစောကို ဆရာမကြီးက ဦးရွှေစောဟုခေါ်၏။

"ငကြွယ်ကို ဦးရွှေစော ဘယ်လိုပြောလိုက်သလဲ"

"မလာနဲ့လို့"

mgyoe.com

mgyoe.com


"အားနာစရာတော်"

ဟုတ်ပါသည်။ ဆရာမကြီး အားနာလျှင် အားနာလောက်၏။ အစ်မကြီးလိုချင်သောအရာကို ကိုကြွယ်ကြီး ရှာပေး၏။ လုပ်ပေး၏။ သို့သော် ဦးလေးစော နှင်သဖြင့် မလာတော့ကြောင်း သိသောအခါ၌ကား ဦးလေးစောကို အပြစ်မပြောပေ။

အပြစ်မပြောသော အစ်မကြီးသည် တောင်းခံရန်၊ ငှားရမ်းရန် ဝန်မလေးပေ။ တောင်ဘက်အိမ်တွင် ထမင်းလခပေးစားသူများထံမှ ဒဂုန်ဂ္ဂဇင်းနှင့် အခြားဝတ္ထုများငှားပြီး ဖတ်ရှုခဲ့၏။

ထိုအစ်မကြီးသည် အိမ်၌ဆွမ်းခံသောကိုယ်တော်၏ သပိတ်ဖုံးပေါ်တွင် ပါသောအရာကို တောင်းစား၏။

"အစ်မ ... သပိတ်ဖုံးပေါ်ကဟာ စားချင်တယ်"

"ဟဲ့ ငရဲကြီးတတ်တယ်"

ဆရာမကြီးက ငေါက်ငမ်းစဉ်မှာပင် ဆွမ်းခံကိုယ်တော်၏ သပိတ်ဖုံးပေါ်မှ မုန့်ကြွပ်များကား စားပွဲပေါ်သို့ ရောက်ကုန်ပါပြီ။

"ဦးပဥ္စင်းစွန့်ပါတယ်၊ ကျွေးလိုက်ပါ"

ထိုကိုယ်တော်ကား ဦးပဏ္ဍာဝံသဖြစ်သည်။ ပဥ္စင်းပျိုတစ်ပါးဖြစ်သည်။ သို့သော် မြို့၏အနေအထားနှင့် ဘုန်းကြီးကျောင်းမှာ မမျှချေ။ ဆယ်အိမ်မှ တစ်ပါးလောက်သာ ဆွမ်းလောင်းခွင့်ရှိ၏။

ထိုသို့ရှိစဉ် မြို့၏မြောက်အရပ် သုံးလေးမိုင်ကွာတွင်ရှိသော ဖောင်တော်ဦးဘုရားအနီးရှိ စာသင်တိုက်ရွှေ့ပြောင်းလာသည်။ နေစရာ မပြေလည်ငြား ဆွမ်းကွမ်းကိစ္စကား ရတ်ရတ်သဲသဲ ရှိကြသည်။

ဖော်ပြပါ ကိုယ်တော်မှာ အထက်ပါပြောင်းလာသော စာသင်တိုက်မှဖြစ်သည်။ မုန့်ကြွပ်ဟု အလွယ်ရေးလိုက်သော အရာမှာ ကြံသကာရည်နှစ်ရန်သာကျန်တော့သည့် မုန့်သြဇာများဖြစ်ပေသည်။

mgyoe.com

mgyoe.com


ဦးပဥ္စင်းသည် ထိုစာသင်တိုက်မှဖြစ်သည်။ စာသင်တိုက်အမည်ကို မဟာဝိသုတာရာမဟု ပြောင်းလဲမှည့်ခေါ်သည်။ တည်နေရာမှာ မဟာစေတီလှ ဘုရားဝင်းအတွင်းဖြစ်ပါသည်။ ကျုပ်မှာ ထိုအခါကျမှ "ဆတော်" ဟူသော ဝေါဟာရကို ကြားဖူးပါသည်။ ဆရာတော်ကို ဆတော်ဟု အတိုချုံ့ခေါ်ခြင်းဖြစ်၏။

ဤအရပ်သည် လယ်တီဆရာတော်ဘုရားကြီး ဘုန်းပန်းပွင့်ရာဒေသဖြစ်ခဲ့၏။ အိမ်တိုင်းတွင် "နွားသားမစား" အလျားတစ်ပေ၊ အနံခြောက်လမခန့်ရှိ အနက်ခံ အဖြူဖောက်ဆိုင်းဘုတ်ကလေးတွေ အိမ်တိုင်းဌ်ရှိသည်။

ယခု ထိုဆိုင်းဘုတ်နေရာတွင် "မဟာဝိသုတာရာမ စာသင်တိုက် ဆွမ်းလှည့်၊ လဆန်း ၁ ရက်"ဟု ရေးထားသော ဆိုင်းဘုတ်က အစားထိုးနေရာယူနေပြီ။ ထိုဆွမ်းလှည့်မှာ တစ်လမှတစ်ကြိမ်သာ ကျပါသည်။ စာချကိုယ်တော်များသို့ ဆက်ကပ်ရန်ဟုဆို၏။ ကြွေရည်သုတ်ချိုင့်များပါဝင်သောချိုင့်ကို ညနေတွင် လာပို့ပြီး အရုဏ်တက်တွင် ပြန်လည်သိမ်းဆည်း၏။

မဟာဝိသုတာရာမစာသင်တိုက် အဆင်ချောသည်ကိုမြင်ရသောအခါ နောက်ထပ် စာသင်တိုက်တစ်တိုက်ရောက်ရှိလာပြန်သည်။ မဟာဝိဇေယျာရာမစာသင်တိုက်ဟူ၏။ ထိုအခါကျမှသာ မြို့နှင့်ဘုန်းကြီးအနေကျသွားတော့သည်။

ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် လမ်း၏အရှေ့ဘက်ရှိ စာသင်ကျောင်းမှ လမ်း၏အနောက်ဘက်ရှိ ကိုယောင်ငါး မစန်းတို့၏ အိမ်သို့ပြောင်းသည်။

အိမ်ပြောင်းချိန်မှာ နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သည်။ ထိုအချိန်တွင် ကျုပ်မရှိ။ ရွာပြန်နေသည်။ ကျောင်းဖွင့်ရက်တွင် ကျုပ်ပြန်လာ

mgyoe.com

mgyoe.com


သောအခါ အိမ်ပြောင်းပြီးနေပြီ။ ကျောင်းနှင့် အိမ် ကူးလူးရေးအဆင်ပြေစေရန် တံခါးရွက်နှစ်ရွက်ပါသော ခြံတံခါးတစ်ခု ဖောက်လုပ်ထားသည်။ အိမ်၏တနင်္ဂနွေထောင့်တွင်လည်း သမံတလင်းဝန်းရံထားသော ရေတွင်းတစ်တွင်းပါသည်။ ထိုရေတွင်းကို တွင်းကြေးဆယ်ထားပြီး ရေမှာ ငန်သည်။

အိမ်၏ခေါင်းရင်းတွင် အဖီတစ်ခုရှိသည်။ ထိုအဖီထဲ၌ စက်မရှိသော ဘတ်စ်ကားတစ်စင်းရှိသည်။ ထိုအိမ်သည် တောင်ဘက်သို့ မျက်နှာမူနေ၍ မြောက်ဘက်တွင် ကပြင်(ကြမ်းပြင်)ရှိသည်။ ခြံ၏စနေထောင့်တွင် အုတ်ဖြင့်ဆောက်လုပ်ထားသော "ပုံးအိမ်သာ"ရှိပြီး နောက်ဖေး ကပြင်မှ အလွယ်တကူဆင်းနိုင်သော လှေကားမရှိပါ။

ပုံးအိမ်သာဆိုသည်မှာ အိမ်သာပေါ်မှကျလာသော မစင်ကို တွင်းကျင်းဖြင့် မခံဘဲ သစ်သားပုံး သံပုံးတို့ဖြင့် ခံယူသောအိမ်သာဖြစ်သည်။ ပုံးများ ခွက်များထဲသို့ ကျလာသောမစင်ကို လက်ခံပုံးဖြင့် လိုက်လံသိမ်းဆည်းသည်။

ထိုသို့ လိုက်လံသိမ်းဆည်းပြီး ပင်မစည်ကြီးထဲသို့ လောင်းထည့်သူများမှာ အိန္ဒိယတွင် "ချေးကျုံးမျိုး"အဖြစ် သီးခြားရှိသည်။ မြန်မာပြည်တွင် မရှိသဖြင့် အိန္ဒိယမှ သီးခြားမှာယူရသည်။ တွင်းအိမ်သာ၊ ပုံးအိမ်သာ မရှိသူများအတွက် ရပ်ကွက်အစွန်တွင် ကျားမသီးသန့်ခြားလျက် "ဘုံအိမ်သာ"များဆောက်လုပ်ပေးထားသည်။

ထိုအိမ်ကြီးတွင် အမေကြီးငြိမ်းနှင့် ကျုပ်နှင့် တစ်ခန်းတည်းကျသည်။ အမေကြီးငြိမ်းမှာ ညတိုင်းလျှင် ကျုပ်ကိုထပြီး ဆွဲဖယ်ရသည်မှာ အလုပ်တစ်ခုဖြစ်၏။ ဤအချိန်တွင် အမေကြီးချစ်သော သောင်းစိန်မှာ စကုသို့ပြန်သွားပြီ။ ရောက်သမျှဘောဒဏ် ပုဏ္ဏားခံဟူသည့်စကားအတိုင်း ကျုပ်တစ်ယောက်တည်းလိမ့်ပြီး အရိုက်ခံရတော့သည်။

mgyoe.com

mgyoe.com


အသစ်ဖောက်ထားသော တံခါးအနီးတွင် စံပယ်ပင်ရှိသည်။ ကိုရာကွတ်အိမ်မှဆိတ်က မရှိမဲ့ရှိမဲ့ စံပယ်ရွက်ကလေးကို လာစားသည်။ ကျုပ်အရိုက်ခံရသည်။ အိမ်ရှေ့တံခါးပေါက်မှ နွားဝင်လာသည်။ ကျုပ်ပဲ အရိုက်ခံရသည်။

ထိုအိမ်၏ ကပြင်မှ လှမ်းကြည့်လျှင် လူသွားလမ်းကြားကို ကောင်းစွာ မြင်နေရသည်။ အစ်မကြီး၏ ရည်းစားကို အစ်မကြီးလှမ်းကြည့်လျှင် မြင်နိုင်သည်။ သို့ပါလျက်နှင့် ငွေအပိုကုန်သောကိစ္စကို မည်သည့်အတွက် ဆောင်ရွက်ကြသနည်း။

ထိုသို့လျှင် အစ်မကြီး၏ရည်းစားကို အငြိုးထားကာမှ ကျုပ်က ဝင်ပြီး ကလန့်သည်။ ကျုပ်ကလန့်ပုံမှာ ဤသို့ဖြစ်သည်။

ရုပ်ရှင်ရုံတွင် ဂုဏ်မြင့်သူဇာတ်ကားပြသသွားသည်။ လမ်းပေါ်ထွက်ပြီး ကစားကြသော ကျုပ်တို့လည်း ရုပ်ရှင်ထဲကအတိုင်း လုံအစား ဝါးခြမ်းပြားများဖြင့် ပစ်ခတ်ကြသည်။ သည်မှာ ကျုပ်ကံဆိုးပုံက လဲလာသော ဝါးခြမ်းပြားကို ခြေသလုံးနှင့် ဖိမိကာ စူးတော့သည်။

ကျုပ်ထိုင်ပြီး ငိုစဉ်တွင် ကျုပ်ကိုလာပွေ့သူမှာ မနီးမဝေးရှိ ခြင်းဝိုင်းမှ ပြေးလာသူ လူတစ်ယောက်ဖြစ်၏။ ထိုသူမှာ အစ်မကြီး၏ရည်းစား ဖြစ်နေသည်။ တစ်ဖန် ပွေ့ထားသူထံမှ ကျုပ်ကိုလက်ခံသူမှာ ဆရာမကြီးဖြစ်သည်။ ဒဏ်ရာက နာကျင်ပါလျက် ကျုပ်အားနာလိုက်တာ။

ဆရာမကြီးသည် အလွန်ချွေတာ၏။ မီးဖိုထဲရှိ ကြောင်အိမ်မှာ မလုံပေ။ ကြောင်အိမ်ထဲသို့ စားစရာတစ်ခုခုပို့မိပါက ထိုအရာကို တစ်ခုခုဖြင့် ဖုံးရသည်။ ထိုအပေါက်ကို ပိတ်လိုက်လျှင် ကြောင်အိမ်လုံခြုံသွားမည်။ သို့သော် ဆရာမကြီး မလုပ်ပေ။

ထိုသို့ချွေတာသူက မည်သည့်နည်းဖြင့်မျှ အဓိပ္ပာယ်မရှိသောအလုပ်ကို လုပ်မည်မထင်။ သို့ဖြစ်လျှင် မည်သူရှိသနည်း။ ဦးလေးစောရှိသည်။

mgyoe.com

mgyoe.com


ဦးလေးစောသည် ညတိုင်းဝတ်တက်ရန် သွားလေ့ရှိ၏။ ဝတ်တက် သည့်နေရာမှာ ရေင်တွင်းနှင့် မနီးမဝေးတွင်ရှိသည်။ ဝတ်တက်သူမှာ နှစ်ယောက်တည်းဖြစ်၏။ တစ်ယောက်မှာ ဦးလေးစောဖြစ်၍ ကျန်တစ် ယောက်မှာ အစ်မကြီး၏ ရည်းစား၏ အစ်မဖြစ်ပေ၏။ မိန်းမတန်မဲ့ ထိုရေင်နံတွင်းပိုင်ရှင်၏သားကို ပိုးပန်းနေသူဖြစ်၏။ သူသည် မြို့၏ပြင် ပတွင် ကျောင်းဆရာဖြစ်၍ အလုပ်မှပြန်ရောက်လျှင် အစွမ်းကုန်အလှ ပြင်ပြီး ထွက်လာလေ့ရှိသည်။

ဝတ်တက်၍အပြီးတွင် အမျှဝေသူမှာ ထိုအမျိုးသမီးပင်ဖြစ်သည်။ သူက သူ့ရုပ်ကိုရော အသံကိုပါ မျှော်လင့်တကြီးဖြင့် လွှတ်ထားသူဖြစ် ပေသည်။ ထိုအမျိုးသမီးနှင့်မှ ပူးတွဲပြီးဝတ်တက်သော ဦးလေးစောမှာ လည်း ရှိပြီးသား ကြည်ညိုမှု ရှိသေမှုများ ယုတ်လျော့မသွားစေရန်ဖြစ်၏။

သူသည် မိန်းမလုပ်စာကို မှီခိုနေရာက ထိုနေရာမှ ငွေချေးပြီး အိမ် ငှားခြင်း အရောင်းအဝယ်လုပ်ခြင်းဖြစ်ပေမည်။ အိမ်အောက်တွင် "ဆေးပို" တွေ ရောက်နေခြင်းမှာ ဦးလေးစောအရောင်းအဝယ်လုပ်ခြင်း ၏ သင်္ကေတဖြစ်သည်။

ဆေးပိုဟူသည် ဆေးရွက်တွေထည့်ထားသော ပုတ်ဖြစ်သည်။

ဆေးမှာ ဆေးရွက်ကြီးဟုခေါ်သော ဆေးရွက်ဖြစ်၏။ ထိုဆေးရွက် များကို မုန်းနားဟုခေါ်သော အရပ်နှင့် ကိုင်းထဲကျွန်းထဲမှ ရသည်။ ဦးလေးစော ဆေးရွက်ကြီးကုန်သည်လုပ်ချိန်သည် အရှေ့တောင်အာရှ သို့ ဒုတိယကမ္ဘာစစ်မီး ကူးစက်တောက်လောင်ခါနီး အချိန်ဖြစ်ပေသည်။

ကျုပ်မှာ ဆရာ၏ ဘူးသွင်းခံထားရသဖြင့် အင်္ဂလိပ်အစိုးရကို ဆန့်ကျင်မုန်းတီးနေရာ စစ်ဖြစ်ပါစေ ဆုတောင်းနေမိသည်။ အင်္ဂလိပ် အခက် ဗမာ့အချက်ဆိုသော စကားကိုလည်း ယုံကြည်နေပေသည်။

ထိုအချိန်ထိုအခါက ခုနစ်တန်းစာမေးပွဲကို မင်းဘူးမြို့သို့ သွား

mgyoe.com

mgyoe.com


ရောက်ဖြေဆိုကြရသည်။ သို့သော် ကျုပ်မှာ မင်းဘူးသို့ရောက်ခွင့် မကြုံခဲ့ပါ။ အကြောင်းမူ ... ဗြိတိသျှပိုင် စင်ကာပူခံတပ်ကျဆုံးသွားသည့်သတင်း ကြားရချိန်တွင် ကျောင်းတွေ ရက်အကန့်အသတ်မရှိ ပိတ်လိုက်သောကြောင့်တည်း။

ထိုအချိန်တွင် ရပ်ရွာလုံခြုံရေးအတွက် မီးချိတ်မီးကပ်ထားရမည်။ နှစ်ဖက်ချွန်ထားရမည် စသည့် အမိန့်များ ထွက်ပေါ်လာ၏။ ထိုကိစ္စဆောင်ရွက်ရန် ဦးလေးစောမတတ်နိုင်။ "ကျောက်လုံးကို ခေါ်ချေ" ဟုခိုင်းသောအခါ ဆိုင်းဘုတ်က အိမ်ထက်ကောင်းနေသည့်နေရာသို့ ကျုပ်ရောက်သွားသည်။

"ဘထွေးကို နှစ်ဖက်ချွန် အခုတ်ခိုင်းမလို့ဗျ"

"ဟ" ဒါလေးတောင် ကိုယ့်ဘာသာကိုယ်မလုပ်တတ်ဘူး"

အိမ်ပိုင်ရှင်က ဝင်ပြောခြင်းဖြစ်၏။

ကျုပ်သည် ဤအကြောင်းကို မြုံထားလျှင်ဖြစ်ပါလျက်နှင့် ဦးလေးစောကို ပြန်ပြောပြသည်။ ဦးလေးစော ဒေါသတကြီး ထသွားပြီး ခဏနေသော် ပြန်လာ၏။

"အဲသည်လူက လူကြီးလူကောင်းကွ။ ကြားကနေပြီး မင်း တမင်သက်သက်လုပ်ကြဲတာ"

ဆိုင်းဘုတ်ပိုင်ရှင် လိမ်လည်လွှတ်လိုက်သည်ကို ဦးလေးစော ယုံကြည်သည်။ ကျုပ်ကိုအပြစ်တင်သည်။

"ငါ့သမီးနဲ့ ပတ်သက်လို့လည်း မင်းမဟုတ်တာတွေ ပြောတာပဲ။ ရှေ့လျှောက်ပြီး မင်းပြောတာမယုံတော့ဘူး"

ကျုပ်အလွန်ဝမ်းသာသွား၏။ ရေချိုးသွားရာကအစ အစ်မကြီးနောက်သို့ လိုက်နေရသောဘဝမှ ကျွတ်တော့မည်ဆိုကာ ကျုပ်ဝမ်းသာနေ၏။

mgyoe.com

mgyoe.com


တစ်နေ့တွင်ကား ဦးလေးစောသည် သတင်းစာတစ်စောင်ငှားလာပြီး အသံထွက်ကာ ဖတ်ပြ၏။ ဖတ်ပြရာတွင် ရိုးရိုးမဟုတ်၊ ငိုပြီးဖတ်ပြသည်။ ဖတ်ပြသည့် အကြောင်းအရာမှာ ရန်ကုန်မြို့ကို ဗုံးကြဲသဖြင့် လူတွေသေသည့်အကြောင်း ဖြစ်သည်။

ကာလကြီးပျက်သည် တိုင်းပြည်ပျက်သည်ဟု ကြားဖူးသည်။ ယခုအဖြစ်အပျက်သည် ကာလကြီးပျက်ခြင်းနှင့်ဆိုင်သလော။ မည်သို့ဖြစ်စေ အိမ်က လူလွတ်ပြီးခေါ်နေပြီ။

သွားရတော့မည်။

သင်ကြားပြသမှု၌ အထက်လူကြီးတွေ ချီးမွမ်းရသော ဆရာမကြီး။ နေရှင်နယ်ကျောင်းနှင့် ကပ်နေသောကြောင့် ထိုကျောင်းကလေးကို ဖြုတ်ပစ်ရန် အကြံပေးသူက ပေး၏။

"သည်ကျောင်းမျိုးရှားတယ်။ ဖြုတ်မပစ်နိုင်ဘူး"

ဟုတ်သည်။

ကျောင်းသားတစ်ယောက်လာအပ်သည်။

"ကကြီး ခကွေးတော့ အလွတ်ရနေပါပြီ"

"အေး အေး ... ထားခဲ့"

ဆရာမကြီးသည် ကိစ္စဝိစ္စများအပြီးတွင် ကျောင်းသားသစ်ကို ရှေ့သို့ခေါ်၏။

"ကကြီး ခကွေးဆိုပြစမ်းပါ"

"တဂျီး၊ ထတွေး၊ ဒနယ်"

"တော်ပြီ၊ တော်ပြီ၊ ကကြီး ခကွေး ရေးပြပါဦး"

ကလေးမရေးတတ်ပေ။

ထို့ကြောင့် ကျောက်သင်ပုံးပေါ်တွင် ကျောက်တံဖြင့် ရေးပေး၏။

"ဆိုစမ်း ကကြီး"

mgyoe.com

mgyoe.com


"တဂျီး"

"တ–ဂျီးမဟုတ်ဘူး၊ ကကြီး"

"တဂျီး"

"ဟောသည်မှာ ငါ့ပါးစပ်ကိုကြည့်။ အာခေါင်ကို လျှာနဲ့မထိဘူး။ ဆိုစမ်း ကကြီး"

"တ–ဂျီး"

ကျောင်းဆင်းချိန်ရောက်ပြီး ဆရာမကြီးကိုင်သော အတန်းများ ဆင်းသွားငြား ဆရာမကြီးနှင့် မပီသသောကလေးမှာ ကျန်နေခဲ့ကြ၏။ မကြာမီ ကလေး၏ မိဘလိုက်လာ၏။

"အိမ်က လိုက်လာတယ်ဆိုပြီး လျှော့မပစ်နဲ့ဆို ကကြီး"

"တ–ဂျီး"

"တ–ဂျီးမဟုတ်ဘူး၊ ကကြီးဆို"

"တ–ဂျီး"

ထိုကလေးသည် နက်ဖြန်တွင် ကျောင်းလာရန်မသေချာပါ။ ကလေးက မသွားချင်ဦး။ လူကြီးမိဘက ချော့မော့လွှတ်၍ ကျောင်းလာလျှင် ဆရာမကြီးနှင့် တွေ့မြဲတွေ့မည်။ တဂျီးမှ ကကြီးဖြစ်မလာမချင်း သင်နေမည်သာ ဖြစ်၏။

အကယ်၍ ကလေးက ကျောင်းမသွားချင်သည်ကို အလိုလိုက်ပါက ထိုကလေးသည် "တဂျီး ရေးချတာ" ဘဝတွင် ဒုက္ခတွေ့တော့မည်။ သို့ ဖြစ်၍ လူကြီးတွေက ဆရာမကြီးကို တန်ဖိုးထားကြခြင်း ဖြစ်ပေ၏။

ယခုကျူပ်သည် ဤနေရာ ဤဌာနမှ လွတ်ပြီ ကျွတ်ပြီ အော်လျက် ပြေးထွက်ခဲ့ပြီတည်း။ ။

❖ ❖ ❖

mgyoe.com

mgyoe.com

## ၂။ ။အစ၏အလယ်

ကျုပ် ၇ ခါတိတိ ပြန်ပြေးလာခဲ့သော ရွာသည် ယခင်ကအတိုင်းပင် ငြိမ်သက် အေးချမ်းစွာရှိ၏။

ရွာ၏အရှေ့တံခါးမှဝင်လိုက်လျှင် ဝဲဘက်၌ကင်းတဲ၊ ယာဘက်၌ ဝါးခြမ်းပြားဖြင့် ကာရံထားသော ခြံကျယ်ကြီး ရှိသည်။ အိမ်ရှင်မှာ ဦးဖိုးခန့်၊ ဒေါ်ရွှေမြဖြစ်သည်။

ထိုအိမ်၏ လက်ယာဘက်ရှိ အိမ်မှာမူ ဒေါ်ရွှေဆင့်၏ အိမ်ဖြစ်၏။ ညီမဖြစ်သူ ဒေါ်ရွှေမ ကွယ်လွန်ပြီးနောက် တစ်ယောက်တည်း ကျန်ခဲ့ရာမှ ကျယ်လောင်စွာ ပြောဆိုသော အကျင့်ရလာ၏။ အိမ်ဝိုင်း၏အပြင်ဘက်တွင် နှုတ်သီးပါသည့် ရေတွင်းရှိ၏။ ရေမအောင်ချေ။

ဒေါ်ရွှေဆင့်အိမ်၏ ယာဘက်တွင် ထရံကာ ဝါးကပ်မိုးအိမ်သစ်တစ်လုံးရှိ၏။ အိမ်ဝိုင်းမှာ အနေတော်ဖြစ်၏။ ဦးဘခင်ဒေါ်စောမေတို့ အိမ်ဖြစ်၏။ ကျုပ်သူငယ်ချင်းမစန်းမှာ အကြီးဆုံးဖြစ်၍ သူ့အောက်၌ မအုံး၊ သန်းစိုးတို့ဖြစ်ကြ၏။

ထိုအိမ်၏ ယာဘက်တွင်ရှိသော ကိုကြွက်ဖြူမအုန်းသင်တို့အိမ်မှာမူ နိမ့်သည်၊ အနောက်ဘက်သို့ ကပ်နေ၏။ ထိုအိမ်ငယ်၏ ကျောဘက်

mgyoe.com

mgyoe.com


တွင်မူ လူပျိုကြီး အပျိုကြီး မောင်နှမတို့နေကြကာ သွပ်မိုးထရံကာ၏။ အမည်မှာ အစ်ကိုဖိုးသာကြွယ် နှမ ဒေါ်နုဖြစ်ပေ၏။

၎င်းအိမ်၏ယာဘက်တွင် မြေစိုက်တဲကြီး တစ်လုံးရှိသည်။ အရပ်ဒေသဓလေ့အရ ထန်းရွက်မိုး ထန်းရွက်ကာသည်။ ဦးပန်းဒေါ်ပုတို့၏ တဲဖြစ်ကာ သမီးကြီးမအေးရှန်၊ မောင်သက်နှင်း၊ ကျေန်နှင့် မသိန်းကြည်တို့ရှိကြသည်။

မအေးရှန်မှာ ဆင်ဖြူကျွန်းတောင်ဖျားရှိ ကိုဘညဏ်ဆိုသူနှင့် အကြောင်းပါသည်။ ကိုဘညဏ်က သူ့ဇနီးကို အရောင်းခိုင်းရန် မုန့်ဟင်းခါးလုပ်သည်။ မုန့်လုံးကြီးကို မောင်းနှင့်ထောင်းသည်။ ကပ်နေသဖြင့် လက်ဖြင့်ခွာရသည်။ သို့သော် သမက်အသစ်စက်စက်ကလေးသည် ယောက္ခမထန်းရေသမား၏ ဒဏ်ကို မခံနိုင်သောကြောင့် ဇနီးကိုခေါ်ပြီး ဘွက်ပြေးလေ၏။

ဦးပန်းမှာ အဖေနှင့် သောက်ဖော်ဖြစ်ဖူး၏။ မူးလျှင် ဆူပူသောကြောင့် အဖေကလက်တွဲဖြုတ်ငြား ကျုပ်မှာမူ ကျေန်ခေါ် ကျန်သူနှင့် အလွန်တွဲ၏။ "ဆွမ်းတော်ခင်ဗျာ" အော်လျှင် "ရပ်တော်မူပါဦး" ပြောသည်။ ဆွမ်းမလောင်းနိုင်လျှင် "ကန်တော့ဆွမ်း" ဟု ပြောစမြဲကို ကျန်သူအရူးက "မရဘူး–သွား" ဟု အော်လေသည်။

ထိုအရူး၏အသံကို ကျုပ်ကတုပပြီး "ဆွမ်းတော်ဗျို့" ဆွမ်းတော်ခင်ဗျာ" ကို "မရဘူး–သွား" ဟု အော်သည်။ အရူးကို လူကောင်းကတုပရပါမည်လောဟု အမေကရိုက်သည်။ မမ(ဒေါ်မမ) က ထိပ်ကိုခေါက်သည်။

သို့ပါလျက်နှင့် ကျုပ်သည်အရူးနှင့် ပေါင်းသင်းမပျက် လယ်ထဲလိုက်သွား၏။ ပြောင်းခင်းတွေ နှမ်းခင်းတွေ များစွာကို ဖြတ်ပြီးသောအခါ ကျုပ်တို့သည် လာလမ်းကို မမှတ်မိဘဲ ငိုသည်။ အရူးငိုသောအခါ

mgyoe.com

mgyoe.com


ကျူပ်လည်း ငိုသည်။ ကျူပ်တို့ကို တာလမ်းသို့လိုက်ပို့သူမှာ ယမ်းဖိုကုန်းမှ ဦးထွန်းဝဖြစ်၏။

ကျူပ်ကို ကျောင်းထားဖြစ်ခြင်းမှာ အရူးငကျန်နှင့် မြန်မြန်ကွဲစေရန်ဟူသော ရည်ရွယ်ချက် ပါဟန်တူသည်။ ထိုအိမ်၏လက်ယာဘက်တွင် အလားတူ အိမ်မျိုးမရှိတော့ချေ။ လမ်းမကြီးကို မျက်နှာပြုသော သုံးလေးဆကျယ်ဝန်းသည် အိမ်တန်းရှိနေသဖြင့် နောက်ကြောင်းကို ပြန်ပါမည်။

ရွာတံခါးကို ဝင်လျှင်ဝင်ချင်း ယာဘက်၌ အဆမတန် ကျယ်ဝန်းသော အိမ်ဝိုင်းကြီးမှာ ဖိုးပန်းညို၊ မယ်စိညံနှင့် ဦးဖိုးခန့်တို့ အိမ်ဝိုင်းဖြစ်ပါသည်။

ထိုအိမ်မှာ နှစ်ဆောင်ပြိုင် ပျဉ်ထောင်အိမ်ဖြစ်သဖြင့် ဓားပြ(ဒမြ) မျက်စိကျသည်။ သို့သော် ရွာစည်းရိုးမှာ ဆီးဆူးတွေ အထပ်ထပ် ကပ်ထားသည်။ မည်သို့လုပ်မည်နည်း။

ဓားပြသည် ဆီးဆူးအထပ်ထပ်ကပ်ထားသော ရွာစည်းရိုးကို ကွမ်းရူးသော လှေကားဖြင့် ကျော်ဖြတ်သည်။ ရွာ၏ မြောက်ဘက်၌ အလွန်ကြီးမားသော ကွမ်းခြံတောကြီး နေပြောက်မထိုးအောင်ရှိပါသည်။ ထိုအချိန်အခါက ကွမ်းမျိုးမှာ နေပူမခံသောမျိုးဖြစ်သည်။ ထို့ကြောင့် ကွမ်းခြံများမှာ နေပြောက်မထိုးအောင် အရိပ်ကောင်း၏။

ထိုကွမ်းခြံများသည် တစ်ခြံလျှင် ကလမောင်းတစ်ခု၊ ကွမ်းရူးသော လှေကားတစ်ခု ရှိကြသည်သာဖြစ်၏။ ကွမ်းရူးသောလှေကားမှာ များသောအားဖြင့် ဝါးဖြင့်ပြုလုပ်လေ့ရှိကြပါသည်။

ခြောက်ပေခန့်ရှည်သော ဝါးနှစ်လုံးတွင် လှေကားထစ်များ တပ်ဆင်ကြသည်။ အရင်းမှာ တစ်ပေခွဲနှစ်ပေခန့် ခွာထားပြီး အဖျား၌ ပူးထားသည်။ ထိုပူးထားသည့်နေရာ၌ ဝါးတစ်လုံးတပ်ဆင်ထားသည်။ ထို့ကြောင့် ကွမ်းရူးသောလှေကားသည် သုံးချောင်းထောက်ဖြစ်ပေ၏။

mgyoe.com

mgyoe.com


ဓားပြများသည် ကွမ်းခြံတောထဲဝင်သည်။ ကွမ်းရူးသော လေ့ကား တွေယူသည်။ အမြီးပြန်ခေါင်းပြန်ချည်ပြီး ဆူးထပ်ပေါ်သို့ တင်သည်။ လေ့ကားထစ်များအတိုင်း ဓားပြတွေတက်သည်။ ဆင်းသည်။

ဤနည်းဖြင့် ဓားပြတွေ အိမ်ဝိုင်းထဲ ရောက်လာကြသည်။ အိမ်ရှင်များ၊ အထူးသဖြင့် မိန်းမသားများနှင့် ကလေးများကား နေဝင်စကတည်းက ပျောက်ကွယ်ကုန်ကြပြီ။ သူတို့သည် ရပ်ရွာအုပ်ချုပ်သူများပြေးလျှင် သူတို့လည်း ပြေးကြသည်။ ထို့ကြောင့် ထမင်းခြောက်ထုပ်၊ ရေဘူးကို အားကိုးလျက် ချုံကောင်းရာတွင် အောင်းနေကြ၏။

အိမ်၏ အောက်ထပ်တွင် ဦးဖိုးခန့်တစ်ယောက်တည်းရှိသည်။ သူသည် ငှက်ကြီးတောင်ဓားကို တင်းတင်းဆုပ်လျက် ဓားပြများကို လှမ်းကြည့်သည်။

"ဒိန်း"

"နင်တို့တစ်တွေ မုဆိုးမ မဖြစ်ချင်ရင် နင်တို့လင်ကို ဆွဲထားကြ"

ဓားပြများသည် သေနတ်ပါကြောင်း သိစေရန် အသံပေးပြီးနောက် အိမ်အောက်သို့ အဝင်တွင် ချောင်းနေသော ကိုဖိုးခန့်က ဓားဖြင့်ဝင်ခုတ်ပြီး မှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားရာက တစ်ရွာလုံးကြား အောင်အော်သည်။

'ဓားပြတွေ ဓားခုတ်ခံရပြီ'

ကိုဖိုးခန့်၏ထိုအော်သံကြောင့် ဦးလူအေးပြေးလာသည်။ အရေးထဲတွင် မောင်းတီးသောလက်ခတ်ရှာမတွေ့။ သို့ကြောင့် မောင်းဖုကို လက်သီးဖြင့် ထုရတော့သည်။ ထိုအချိန်တွင် ဓားပြများမှာ ဓားပြဗိုလ် ဒဏ်ရာရသဖြင့် ဆုတ်ခွာထွက်ပြေးကြ၏။

"ဓားပြတွေ ပြေးပြီး လိုက်ကြပါ"

ဓားပြတိုက်နေကြောင်း သိပါလျက်နှင့် မလာလျှင် တစ်ရွာလုံး

mgyoe.com

mgyoe.com


ဒဏ်ရိုက်ခံရသည်။ တစ်ပဲတစ်မူးပင်လျှင် အလွန်ခက်ခဲရှားပါးသဖြင့် ဒဏ်ရိုက်မခံရစေရန် ပြေးလာကြ၏။

"ဟောသည်မှာ သွေးစက်တွေဟေ့"

ကျောက်ခဲအိတ်လွယ်လျက် မီးတုတ်ကို ခေါင်းပေါ်ကျော်ပြီး မြှောက်ပြထားသူတစ်ယောက်က အော်ပြောသည်။ ဓားပြများသည် ထန်းရည်ဝိုင်းတွင် ဆုံမိကြရာမှ ထပြီးဓားပြတိုက်သူများ ဖြစ်ရာ ဒဏ်ရာရသူတစ်ယောက်သာကျန်ခဲ့ပြီး အခြားဓားပြအဖော်တွေပြေးကြပြီ။

ဒဏ်ရာရသော ဓားပြသည် ကွင်းထဲရိုးထဲ လျှောက်ပြေးနေသည်ထက် ကွမ်းခြံတောထဲပြေးလျှင် သက်သာကောင်းရဲ့အထင်ဖြင့် ကွမ်းခြံတွေ ဝဲယာစီနေသော လမ်းထဲသို့ ပြေးဝင်ခဲ့ခြင်းဖြစ်၏။

ကွမ်းခြံများ ဝဲယာညှပ်နေသော လမ်းသည် ကျဉ်း၏။ ထိုလမ်းထဲသို့ နွားတစ်ကောင်ဖြစ်စေ၊ မြင်းတစ်ကောင်ဖြစ်စေ ဝင်မိပါက ထွက်လမ်းရှာမတွေ့ဘဲ ဒုက္ခရောက်တော့သည်။ လူတစ်ယောက်နှင့် ရင်ဆိုင်တိုးပါက အကျပ်အတည်းကြီးစွာ တွေ့တော့သည်။

ကွမ်းခြံလမ်းမှာ ကျဉ်းပင်ကျဉ်းသော်ငြား ဈေးသည်များနှင့် စည်ကားနေလေ့ရှိသည်။ ကွမ်းခြံထဲတွင် လူစည်ကားနေခြင်းမှာ ကွမ်းပင်များကို ပြုစုယုယ နေကြသော လူများကြောင့် ဖြစ်၏။

ကွမ်းခြံတောထဲသို့ ဝင်လာသောဈေးသည်များမှာ ပဲကြီးလှော်သည်၊ ကုလားပဲလှော်သည်၊ မုန့်ဟင်းခါးသည်၊ ငါးပေါင်းကြော် (အကြော်စုံ) သည်၊ မုန့်လက်ဆောင်းသည်၊ ဖျော်ရည်သည်၊ လျက်ဆား စသည့်ဆေးသည်၊ အထည်သည်၊ ဖျာသည်၊ ဓားသည်၊ ခမောက်သည် စသည်ဖြင့် စုံတော့၏။

ထိုဈေးသည်များသည် ကွမ်းခြံထဲလာသူအများစုဌ ပိုက်ဆံမပါမှန်း သိသည်။ ထို့ကြောင့် ငွေကြေးအစား ကွမ်းကိုသာယူကြ၏။ ဤသည်ကို

mgyoe.com

mgyoe.com


"ထပ်သည်" ခေါ်၏။ သို့ရာတွင် တန်ရာတန်ကြေးကား မရပေ။ ဈေးထဲ၌ ကွမ်းရွက်တစ်ပိဿာကို တစ်ရာဖြစ်နေပါက ဈေးသည်ထံတွင် ငါးဆယ်ကျပ်ဈေးဖြင့် ထပ်ရသည်။

ထိုကဲ့သို့ လူသွားလူလာဖြင့် စည်ကားနေသော ကွမ်းခြံလမ်းသည် လူနှစ်ယောက် ရှောင်သာရုံမျှသာကျယ်သည်။ အရိပ်အာဝါသကောင်းသည်ဆိုကာ မြင်းတစ်ကောင်ဝင်လာလျှင် ပြန်ထွက်ရန်ခက်သည်။ ထို့ကြောင့် လမ်းလယ်တွင် "ခွကျော်" များ စိုက်ထားကြသည်။

ခွကျော်ဆိုသည်မှာ ခွပြီး ကျော်သွားရသော အတားအဆီးဖြစ်ပါသည်။ ခွပါသော သစ်ကိုင်းကြီးကို လမ်းလယ်၌ ထောင်ပြီး စိုက်ထူထား၏။ ဒဏ်ရာရသွားသော ဓားပြမှာ "ခွကျော်" ကို ကျော်ရန် အခက်အခဲဖြစ်နေစဉ် အဖော်များက မီးရောင်မြင်၍ ထွက်ပြေးကြပြီ။ သို့အတွက် ဒဏ်ရာရှင်ကိုသာ မိတော့သည်။

ဓားပြများကို မကြောက်မရွံ့ ဓားဖြင့်ခုတ်သော ကိုဖိုးခန့်မှာ ဒိစတြိတ်အရေးပိုင်မင်း၏ ဆုတော်ငွေရရှိသည်။ နှစ်လုံးပြူးသေနတ်ကိုင်ဆောင်ခွင့်လည်းရရှိ၏။ မောင်းဖုကို လက်သီးဖြင့်ထုသောမြေပိုင်ရှင် ကိုလူအေးလည်း နှစ်လုံးပြူးကိုင်ခွင့်ရသွား၏။

ရွာတံခါးအဝင်ဝ၏ ယာဘက်ရှိ ထိုခြံကြီးတွင် ကိုဖိုးခန့်ကွယ်လွန်သောအခါ ဇနီး မရွှေမြ၊ သမီးမမိ၊ မသိမ်းညွန့်၊ မစောညွန့်နှင့် ရက်သားကလေးမောင်ခင်စောတို့ ကျန်ရစ်ခဲ့ကြ၏။

ရွာတံခါး အဝင်ဝ၏ လက်ဝဲဘက်၌ အခင်းအမိုးကောင်းမွန်သော ကင်းတဲရှိသည်။ ကင်းတဲဝဲဘက်တွင် ဘလင်း(ဦးလင်း)၏ အိမ်ရှိသည်။ သွပ်မိုးထရံကာအိမ်ဖြစ်ငြား အလတ်စားမျှသာဖြစ်၏။ သမီးတစ်ယောက်ရှိငြား အနောက်ပိုင်းတွင် ခင်ပွန်းဖြစ်သူနှင့်နေသည်။ ဘလင်းကား အမဲသားအလွန်ကြိုက်၏။ အမဲသားဟင်းအိုးတည်ထားပြီးလျှင် ဟင်းအိုးနား

mgyoe.com

mgyoe.com


က မခွာတော့ပေ။ ဟင်းအိုးဆူလာလျှင် ဘလင်းသည် အမဲသားတစ်ဖတ် ဆယ်ယူပြီး ဝါးသည်။ ဝါးမရသောအခါ ဟင်းအိုးထဲသို့ ပြန်ထည့်သည် ဟူ၏။

တစ်ခုသော ဆောင်းရာသီနံနက်ခင်းတွင် ဘလင်းသည် အိမ်ရှေ့ရှိ ကပြင်(ကြမ်းပြင်)သို့ ထွက်လာ၏။ နှင်းမှုန်ကြားထဲတွင် လူတစ်ယောက် ငုတ်တုတ်ထိုင်နေသည်ကို မြင်သောကြောင့် "ဘာလုပ်နေတာတုံး၊ ဘယ်သူတုံး" မေး၏။ မဖြေသဖြင့် တောင်ဝှေးနှင့် သွားခေါက်တော့မှ ကျောက်ဆင်းတုတစ်ဆူဖြစ်နေ၏။ ဆင်းတုတော်တွင် စာတစ်စောင်ပါ သေး၏။

"ဒကာလင်း၊ ဆွမ်းမကပ်ဘဲ ပြန်မပို့ရ"

သို့ဖြင့် ဘလင်းမှာ ဆင်းတုတော်ကို ဆွမ်းကပ်ပြီး နီးရာ ဘုရားထဲသို့ ပို့သည်။ သုံးလေးအိမ်ကျော်ရှိ ကိုသာဌေး၊ ကိုသာဒွန်းအေးတို့ကို ဆဲ သည်။ ခြံစည်းရိုးကို ခိုင်ခံ့လုံခြုံအောင် ကာတော့သည်။

ဘလင်းအိမ်၏ ဝဲဘက်တွင် ဝါးကပ်မိုး၊ သွပ်တန်းချ ထရံကာအိမ် တစ်လုံးရှိသည်။ ကိုဖိုးမြ မရွှေခတို့အိမ်ဖြစ်သည်။ မရွှေခ၏အစ်မ မရွှေမြ အိမ်တွင် ယောကျ်ားသနာ မရှိသောကြောင့် လင်မယားနှစ်ယောက်လုံး ပြောင်းသွားရာ အိမ်ချည်းကျန်ခဲ့၏။

ထိုအိမ်၏မြောက်ဘက်မျက်နှာစာတွင် ရွာလယ်လမ်းရှိသည်။ လမ်း၏ မြောက်ဘက်တွင် သက်ငယ်မိုး ထရံကာ သွပ်တန်းချ အိမ် တစ်လုံးရှိသည်။ အိမ်ရှင်မှာ ကိုချစ်မြိုင်မဖွားသင်ဖြစ်ကာ အေးမောင်၊ မသန်း၊ ကျောက်ဒိုးဟူသည့် သားသမီးများရှိကြ၏။ အေးမောင်တွင် မသန်းရင်ဟူသည့် ဇနီးရှိ၏။

ကိုဖိုးမြ မရွှေခတို့အိမ်လွတ်၏ ဝဲဘက်တွင် ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးအိမ်ကြီးတစ်အိမ်ရှိ၏။ ရွာကို ဓားပြတိုက်စဉ်က အချက်ပေးမောင်း

mgyoe.com

mgyoe.com


ကို လက်သီးဖြင့်ထုသော ဦးလူအေး၏ အိမ်ဖြစ်သည်။

ဦးလူအေး၌ ဖွားချစ်ဆုံဟူသည့် မိခင်ရှိသေးသည်။ ဇနီးမှာ မယ်အိမ်ကြွယ်ဖြစ်၍ သမီးမစောမေ၊ မသိန်းတင်နှင့် မောင်ထွန်းရှိန်တို့ ရှိကြ၏။ ကိုထွန်းရှိန်ကို ကိုရှိန်ဟု ခေါ်ကြသည်၊ တစ်ရွာလုံးတွင် စက်ဘီးစီးနိုင်သူဟူ၍ ကိုရှိန်တစ်ယောက်သာ ရှိ၏။ တာလမ်းဘေးတွင် တည်ထားလာသော ရွှေသမင်ဆန်စက်တွင် ဦးဖိုးမြအပြင် ဦးလူအေးပါပါသည်။ နှစ်ယောက်သာ ရပ်ရွာထွက် ဆန်ကုန်သည်များ ဖြစ်ကြ၏။

ဦးလူအေး၏ သမီးကြီး မစောမေမှာ တစ်ရွာသား ကိုဘခင်နှင့် အကြောင်းပါပြီး ရွာ၏တနင်္ဂနွေထောင့်တွင် နေထိုင်လျက် ရှိသည်။ ၎င်းအောက် မသိန်းတင်မှာ ချောင်းဟိုဘက်ရွာသား ကိုထွန်းတင်နှင့် အိမ်ထောင်ကျပြီး မိဘနှင့်အတူ နေသည်။ အငယ်ဆုံးသား ကိုရှိန်ကို ချောင်းဟိုဘက် အမျုးရွာ(ရှမ်းမျုးရွာ)သူ မမိနှင့် နေရာချပေးရာ ကွဲနေသည်။

၎င်းအိမ်၏ထူးခြားချက်မှာ အဝတ်များကို ရွာထဲရှိပင်မင်းတွင် အပ်နှံဝတ်ဆင်ခြင်းနှင့် ဆေးလိပ်ခုံမှထွက်သော ဆေးလိပ်မျိုး၊ အိမ်တွင် လိပ်ကာ သောက်ခြင်းဖြစ်၏။ အိမ်ဆေးလိပ်မှာ အစီခံကို ဖြန့်ထည့်၍ ခုံဆေးလိပ်မှာ အစီခံကိုလုံးပြီးထည့်၏။ ထို့ပြင် ခုံဆေးလိပ်မှာ ခါးတွင် စက္ကူပတ်ပြီး စက္ကူပေါ်၌ ဆေးလိပ်ခုံ၏အမည်ပါရှိကြောင်း အိမ်ဆေးလိပ်မှာမူ စည်းကြိုးသာစည်း၏။

ထိုအိမ်နှင့် မျက်နှာချင်းဆိုင် ရွာလယ်လမ်း၏ မြောက်ဘက်တွင် သက်ငယ်မိုး ထရံကာ သွပ်တန်းချ သုံးပင်အိမ်တစ်လုံးရှိ၏။ အိမ်ရှင်မှာ ကိုရွှေစံ မငွေစင်ဖြစ်သည်။ ခန့်မောင်၊ ငအေးနှင့် မြမြဟူ၍ သားသမီးသုံးယောက်ရှိရာ ငအေးမှာ ကျုပ်အမည် ဖြစ်ပေတော့၏။

ကျုပ်တစ်နှစ်သားခန့်တွင် ရွာ၏ အနောက်ဘက်ရှိ စလင်းချောင်းရေကြီးသည်။ ချောင်းရေသည် ကွမ်းခြံတွေထဲဝင်ပြီး ပြန်ကျသွားသော်

mgyoe.com

mgyoe.com


ပြား ကွမ်းပင်တွေ သေကုန်သည်။ ပြန်စိုက်သော်လည်း မဖြစ်တော့ပေ။

ဤရွာကို ရွာသစ်ကြီးရွာဟု ခေါ်ဆိုခြင်းမှာ ဘထွေးဦးကျောက်လုံး၏ လက်ချက်ဖြင့် တစ်ရွာလုံးပြာကျပြီး အသစ်တည်ထောင်သော အခါကျမှ မှည့်သောအမည်ဖြစ်မည်။ ထိုရွာတစ်ရွာလုံးတွင် လယ်သမား ဦးရေနည်းပါးကာ ကွမ်းခြံသမားဦးရေများပြား၏။ အမေသည် အိမ်ထောင်ဦးစီးဖြစ်သော အဖေ မှိုင်တွေချနေသည်ကိုကြည့်ပြီး "ခံတောင်း" တစ်လုံး ဖြင့် ရွာလည်ဈေးသည်လုပ်တော့၏။

အဖေသည် အသောက်သမားဖြစ်၏။ ထန်းရည်ရသေးသရွေ့ ထန်းရည်ခါးသောက်သည်။ ထန်းရည်မရတော့မှ "စိမ်ရည်" သောက်၏။ ဤသို့သောက်ရင်းဖြင့် ချောင်းအနောက်ဘက် ရုံးပင်ရွာသား ကိုဖိုးလူ ဆိုသူနှင့် အပေါင်းအသင်းဖြစ်ရာ ကိုဖိုးလူ၏ အလုပ်ကို သတိထားမိလေ၏။

ကိုဖိုးလူတို့မှာလည်း စလင်းချောင်းဘေးတွင် နေထိုင်ကြရာ စလင်း ချောင်း၏ နှိပ်စက်မှုကို ခံကြရသည်။ ထိုချောင်းသည် ရေကြီးချိန်၌ ဥယျာဉ်တွေ လယ်တွေကို ဖျက်ဆီးသည်။ ချောင်းရေကျသွားသောအခါ ချောင်းကမ်းပါးကိုမှီလျက် ချောင်းထိပ်ယာများ ကျန်ခဲ့သည်။ ကိုဖိုးလူ ၏ အခင်းမှာလည်း ချောင်းထိပ်ယာပင် ဖြစ်သည်။ အဖေသည် ကိုဖိုးလူ ၏တဲသို့ အရက်သောက်ရန်သွားရင်း ထူးဆန်းသောအပင်တွေ တွေ့သည်။

"အဲဒါ ဘာပင်တွေတုံးဗျ"

"မုန်လာပင်ခေါ်တယ်ဗျ"

"ဘာလုပ်ရတုံး"

"စားရတယ်လေ"

ဤသို့ဖြင့် အဖေသည် ကိုဖိုးလူထံမှ ပန်းမုန်လာစိုက်နည်းနှင့် ဂေါ်ဖီ ထုပ်စိုက်နည်းရော အပင်များပါရလာသည်။ ရွာ၏အနောက်တံခါး

mgyoe.com

mgyoe.com


ရေစပ်ဆိပ်သို့ သွားသောလမ်း၏ တောင်ဘက်ရှိ ကွက်လပ်တွင် စိုက်သည်။ ချောင်းထဲမှရေကို ထမ်းလောင်းသည်။

ထိုအချိန်က ကျုပ်တို့အိမ်သည် ရွာလယ်တံခါးနားမှာဖြစ်၏။ အဖေသည် မုန်လာသုံးလေးသီး စားအပြီးတွင် ရွာအရှေ့ပိုင်း အမေကြီးတို့ခေါင်းရင်းသို့ ရွှေ့လာသည်။ ရွာစည်းရိုး၏ဟိုဘက်တွင် အဖေ့ကွမ်းခြံရှိသည်။ အမေကြီး၏ ကွမ်းခြံ၊ ဘကြီး၏မြေကွက်၊ ဒေါ်မမ၏ မြေကွက်များကို စုပေါင်းလိုက်သောအခါ ရေကို ပခုံးဖြင့် ထမ်းလောင်းရန် မဖြစ်နိုင်တော့ပေ။ မျိုးကိုလည်း ကိုဖိုးလူထံမှ မယူဘဲ ပင်ရင်းသို့ မှာရန်လိုအပ်လာသည်။

ထိုအခါ ကိုဖိုးလူသည် အဖေ့ကို ကိုရေချမ်းထံ ခေါ်သွား၏။

ကိုရေချမ်းမှာ မြောက်ပိုင်း၌နေပြီး လည်လည်ဝယ်ဝယ်ရှိ၏။ အဖေ့အား "မေမြို့(ပြင်ဦးလွင်)ရှိ ဆရွတ်အင်ဆန်းနှင့် ဆက်သွယ်ပုံ၊ မန္တလေးမြို့ရှိ ကိုစိန်မသုံ စိုက်ပျိုးရေးကုမ္ပဏီတို့နှင့် ဆက်သွယ်ပုံ ဆက်သွယ်နည်းများပါ သင်ကြားပေးလိုက်၏။

မုန်လာနှင့် ကွမ်းခြံမှာ ဆန့်ကျင်ဘက်ဖြစ်သည်။

ကွမ်းခြံမှာ နေပြောက်မထိုးသော လောင်းရိပ်ကို ကြိုက်၏။ မုန်လာမှာ နှင်းကျသော တန်ဆောင်မုန်းလမှ တပို့တွဲလအထိ နှင်းကိုအားပြုဖြစ်ထွန်းရရာ မည်သည့် အရိပ်မျှမကြိုက်။

အားမလျော့သေးသော ကွမ်းခြံသမားများအတွက် မုန်လာသမားသည် အနှောင့်အယှက်ဖြစ်တော့သည်။ အကြောင်းမူ လောင်းရိပ်ထိုး၏။ သဘောမှာ အပေါ်တည့်တည့်မှာသာမဟုတ်၊ လေးဖက်လေးတန်က ဘေးလောင်းရိပ်လည်း လိုသည်။ မုန်လာသမားတွေ ဟန်ကျသည်ကိုမြင်သော ကွမ်းခြံသမားတွေ မုန်လာသမားဖြစ်ကုန်သောအခါ ကွမ်းကိုစိတ်မကုန်သေးသူများမှာ ကွမ်းခြံသမားဘဝကို မစွန့်လွှတ်လိုပါဘဲလျက်

mgyoe.com

mgyoe.com


စွန့်လွှတ်လိုက်ကြရာ ဆင်နေကျားအောင်း ကွမ်းခြံတောကြီးမှာ ကွင်းပြင်ကြီးဖြစ်သွားလေ၏။

အဖေသည် ဘုန်းကြီးကျောင်းမှူသာ နေခဲ့ဖူးသူဖြစ်ပြီး အဖေ့အိမ်တွင် မြန်မာ့ဂုဏ်ရည်စာအုပ်၊ ဇိနတ္ထပကာသနီကျမ်း၊ ချဉ်ပေါင်ရွက်သည် မောင်မှိုင်း၊ တစ်ပိုင်းတစစ သင်္ခါရဘာဇနီကျမ်းတို့ကို တွေ့နိုင်၏။

အဖေသည် ရွာတွင် လက်နှိပ်ဓာတ်မီး (ထုတ်မီး) ဦးစွာ သုံးစွဲသူဖြစ်သကဲ့သို့ ရုပ်ရှင်ကြည့်သူလည်း ဖြစ်ပေသည်။ မုန်လာစိုက်လိုသူများအား စာတိုက်အသုံးပြုပုံပြုနည်းများ ညွှန်ကြားပြသပေးသူလည်း ဖြစ်ပေသည်။

ဦးလူအေးအိမ်၏ လက်ဝဲဘက်တွင် သက်ငယ်မိုး ထရံကာနှင့် ကပြင်(ကြမ်းပြင်) ထုတ်ထားသော အိမ်တစ်လုံးရှိ၏။ အိမ်ရှင်မှာ ဘသာငွေးဖြစ်၏။ သူသည် အမေ့ပထွေးဖြစ်ပြီး အမေ့ကလေးတွေကို ထိန်းပေးသူလည်း ဖြစ်၊ ညစ်ညမ်းသော စကားလုံးများကို မပြတ်တမ်း ရေရွတ်နေသူလည်း ဖြစ်၏။

ဘသာငွေးမှာ မငွေမြိုင်နှင့် မောင်ဆိုးပေအမည်ရှိသည့် သမီးနှင့်သားရှိသည်။ သမီးအိမ်ထောင်ကျသွားသည့်အခါ သားနှင့်နေသည်။ ထိုသားသည် ဒေါက်ဘီး (ထောက်ဘီး) ပညာသွားရောက်သင်ကြားရာက ဆုန်ကုန်းရွာသူမတင်တင်နှင့် အကြောင်းပါပြီး ပြန်ရောက်လာ၏။

ထိုအိမ်နှင့် မျက်နှာချင်းဆိုင်တွင်ကား ထန်းသားဖြင့် ဆောက်လုပ်ထားသော အိမ်ပုတစ်လုံး ရှိသည်။ အိမ်ရှင်မှာ ဘနှင့် အမေကြီးဖြစ်သည်။ ဘဟူသည် အမေက "ရိုးစော" ဟုခေါ်သော အဖေ့ပထွေး ဦးစောဖြစ်သည်။

ဦးစောမှာ လူပျိုတော်ဖြစ်သည်။ လူပျိုတော်ဟူသည် ဘုန်းကြီးလူထွက်ဖြစ်၏။ ဘဦးစောသည် ပုရပိုက်တန်းရွာ၏ တောင်ဘက်ရှိ

mgyoe.com

mgyoe.com


သရက်ချဉ်မြောက်ကျောင်းခေါ် အုတ်ကျောင်းခေါ် ဦးကေတုကျောင်း ထွက်ဖြစ်၏။

တစ်နယ်လုံးတွင် ဦးကေတုတစ်ပါးသာ နိုင်ငံရေးလုပ်သော ဘုန်းကြီးရှိသည်။ ဘဦးစော လူထွက်လာခြင်းမှာ ဦးကေတုနှင့် လက်ဝါးချင်းရိုက်ပြီး ထွက်လာခြင်းဖြစ်သည်ဟု အတွင်းသိ ဘသာဒွေးတို့က စွပ်စွဲသည်။ နိုင်ငံရေးတွင် ဘုန်းကြီးပြော၍ မသင့်သော စကားများ၊ ဘုန်းကြီးလုပ်ရန် မလျော်သောကိစ္စတွေ ရှိရာ ဘသာဒွေးတို့၏ ခန့်မှန်းချက်သည် လျော်ကန်၏။

အဖေသည် နိုင်ငံရေးသမားကို မုန်းတီးသဖြင့် ဝံသာနုတွေကိုဆဲငြား၊ အမေကား နိုင်ငံရေးသမားဖြစ်၏။ ကျုပ်ငယ်ငယ်တုန်းက မျက်စိကြောင်သော၊ အမွေးထူသောကုလားကို ကြောက်၏။ ထီးပြင်သောကုလား၊ သူ့ဘာသာသူ လမ်းကအော်သွားငြား၊ အိမ်ထဲက ကျုပ်သည်ကြောက်၏။

"ဘာကြောက်စရာရှိသတုံး၊ ခွဲမဟာလို့အော်"

အမေက အားပေးသည်။

"ခွဲမဟာ"

"ခွဲလဟာ"

မြန်မာနိုင်ငံသည် အိန္ဒိယ၏ ပြည်နယ်ကလေး တစ်နယ်အဖြစ်နေရာမှ ခွဲထွက်မည်လော၊ နေမြဲတိုင်းနေမည်လော ဟူသည့် ပြဿနာဖြင့် ညီညွတ်သော ဝံသာနုတွေ ဒွန္ဒရောက်သော အရေးအခင်းသည် ခွဲရေးတွဲရေး ဖြစ်၏။

ပြန်တွေးကြည့်လျှင် တွဲရေးသမားတွေ၏ အကြောင်းပြချက်မှာ ရှက်စရာကောင်းငြား၊ သူ့ခေတ်သူ့အခါတွင်မူ ခေါင်းပေါင်းစတလူလူဖြစ်ခဲ့သည်။ ထိုပြဿနာတွင် အမေသည် ဘ၏တူမပိပိ ခွဲရေးသမားဖြစ်၏။

အဖေ့အမြင်တွင် ဘသည် အလုပ်မလုပ်ဟု ထင်စေကာမူ အလုပ်

mgyoe.com